
ပေါင်းချုပ်များတွင် မပါဝင်သေးသော
ဝတ္ထုတိုလက်ရာများ ထပ်မံရှာဖွေစုစည်းမှု(၁)



# ခင်နှင်းယု
# ကရွတ်ခွေ
# ဝတ္ထုတိုများ

mgyoe.com



# ခင်နှင်းယု

## ကရင်္တ်ခွ

### ဝတ္ထုတိုများ

ISBN9789997117601

KHY28

9 789997 117601

3,700.00KS

mgyoe.com

mgyoe.com

ကရွတ်ငွေ ဝတ္ထုတိုများ၊ ခင်နှင်းယု
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၇၇ မျက်နှာ၊ ၁၂•၈ စင်တီ x ၁၈•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကရွတ်ခွေ
## ဝတ္ထုတိုများ
## ခင်နှင်းယု

ယခင်ထွက်ရှိဖူးသော ဖေဖေ စာအုပ်မှ
ကျန်ရှိသည့် ဝတ္ထုတိုသုံးပုဒ်နှင့်
အခြားဝတ္ထုတိုစုစည်းမှုများတွင် လုံးဝမပါဝင်သေးသော
ဝတ္ထုတိုလက်ရာများ
ထပ်မံရှာဖွေ စုစည်းခြင်း (၁)

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| • | လူ့စိတ် | ၁ |
| • | ကန္တာရွှေအောက် | ၃ |
| • | တောဈေ၏သံဝေ | ၈ |
| • | ခန္ဓာနှင့် ဝိညာဉ် | ၁၀ |
| • | ပွဲတွေ့အလွမ်း | ၁၂ |
| ၁။ | မလွမ်းသာ | ၁၄ |
| ၂။ | လိုက်လို့သာ အကြောင်းကြားချင်သည် | ၇၅ |
| ၃။ | ကိုထွန်းမောင် | ၉၅ |
| ၄။ | ဘွားအိုဇာ၏ ဆေးကြိမ်လုံး | ၁၀၅ |
| ၅။ | သြော်... ဖဆပလ | ၁၂၂ |
| ၆။ | မျက်ရည်၊ ထမင်း၊ အရက် | ၁၅၄ |
| ၇။ | ကရွတ်ခွေ | ၁၆၈ |
| ၈။ | ဂြိုဟ်က ရယ်သည် | ၁၇၈ |
| ၉။ | ထမင်းကပင် ပေါ၍နေသလား | ၁၉၂ |
| ၁၀။ | ရေနွေးအိတ်တစ်လုံး | ၂၁၃ |
| ၁၁။ | ကလေးလိုပဲ တွေးချင်တယ် | ၂၂၃ |
| ၁၂။ | ကျွန်မတို့အမျိုး | ၂၃၂ |
| ၁၃။ | တစ်ညငရဲနှင့် ဦးကျော် | ၂၄၅ |
| ၁၄။ | ကျွန်တော့်အလှည့် | ၂၆၀ |
| ၁၅။ | မှန်သောအမှား | ၂၆၈ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လူ့စိတ်

* ဤ'နေ'လျှင်
နွေခေါင်ယှဉ်က၊ ဘဝင်လောင်ခ၊
ပူလွန်းလှဟု၊ သူမှငါငါ၊
ညည်းခဲ့ပါလည်း၊ တစ်ခါတစ်ခါ၊
ကြောင်းသင့်လာသော်၊ ကဗျာနုနု၊
စာအစုတွင်၊ 'နေ' သူ့အပြုး၊
ငွေရည်ဖုံးဟု၊ စာလုံးငွေကာ–ချဲ့သေးသည်။

* ဤ'လေ'လျှင်
ရပ်ခွင်ရှစ်တိုင်း၊ ပတ်ရစ်ဝိုင်း၍၊
ဒိုင်းဒိုင်းထန်ထန်၊ ထက်လုံးဝှန်သော်၊
သဲပြန်လောင်မျှ၊ ရွံ့မုန်းကြလည်း၊
ကဗျာစာဆင့်၊ သူလွမ်းသင့်က၊
လေလွင့်လေနှော၊ လေဆော–လေမြူး၊
လေရူးလေပြေး၊ လေနုအေးလျှင်၊
ရှုတိုင်းယဉ်ဟု၊ ဘဝင်ညွတ်မျှ၊
တေးသီကြသည်၊ ကဗျာ့တီတျာ၊ နွဲ့သေးသည်။

mgyoe.com

mgyoe.com


* ဤ'ရေ'လျှင်
ဘဝင်ချစ်ခန်း၊ ရန်သူသွမ်းငါး၊
တစ်ပါးအဝင်၊ ရှု့မုန်းကြဉ်လည်း၊
စာပင်စာနွဲ့၊ အမောင်ချဲ့သော်၊
လဲ့လဲ့ပြာပြာ၊ ငွေသင်ဖျာလော၊
ယမုံကြောဟု၊ မနောမြွေမြွေ၊
လွမ်းခလေ့ရောင်၊ ပုံမျိုးဆောင်သည်၊
ကလောင်ချီကာ၊ နွဲ့သေးသည်။

* ဤသို့လျှင်
စိတ်လွင်ခန့်သင့်၊ သူလွမ်းသင့်က
ဆင့်ဆင့်လှလှ၊ ကဗျာသလည်း၊
သူကမုန်းလျှင်၊ ရုပ်လုံးပြယ်လု၊
ကလောင်ပြုကြ၊ ဤလူ့လောက၊
ကျွန်မစာဆို၊ မယ်မိညိုမူ၊
ရယ်လိုစိတ်မှန်း၊ သရော်သွမ်းသည်၊
အလွမ်းကျွန်နှင့်၊ မသင့်ပြီ။ ။

ပဒေသာ၊ အတွဲ ၁၊ အမှတ် ၅

mgyoe.com

mgyoe.com

## ကန္တာနွေအောက်

* ငယ်လင်မောင်ကြီး
စွန့်သွားပြီးလည်း
သားနှင့် သမီး
ပင်လယ်ဆီးလည်း
အထီးမယ့်ကို
မငြိုမငြင်
သူတို့ခင်၍
ယုယင်လုပ်ကျွေး
ငါ့ကိုမွေးခဲ့
အေးပါဘိခြင်း
ချိန်အိုမင်းမှာ
လမင်းသာခဲ့။

mgyoe.com

mgyoe.com


* တစ်နေ့သည်၌
စိတ်လက်နေနှား
ညများအဖော်
ရုပ်ပေါ်သံလွင်
ငါကြည့်ချင်၍
မြင်ရပါသည်
မောစရာအခင်း။

* အိသီယိုးပီးယား
သနားစဖွယ်
လူမမည်တို့
နံငယ်ထက်ပိုင်း
ရိုးပြိုင်းပြိုင်းနှင့်
ယင်ရိုင်းပျံနား
မျက်နှာများနှင့်
အစာရေမဲ့
ခြေယဲ့ယဲ့နှင့်။

* အီရန် အီရတ်
နယ်စပ်နီးချင်း
စစ်ခင်းယှဉ်ပြိုင်
ကိုယ်မနိုင် သူမရှုံး
လူသာပြုန်းခဲ့။

mgyoe.com

mgyoe.com


* လက်ဘနွှန်ပြည်လည်း
တစ်မြေတည်းနေ
တစ်ရေတည်းသောက်
ဒေါသဖောက်လို့
သောက်သောက်လဲညံ
အမြောက်သံမစဲ
ဗုံးတွေကြဲလို့။

* ဩော်... သားတို့မေတ္တာ
ခံယူကာနှင့်
ဓမ္မာပင်ရိပ်
ငါချွေးသိပ်လည်း
စိတ်လက်မသာ
သူတို့ကမ္ဘာအတွက်
ကြံရှာခက်ဘိ။

mgyoe.com

mgyoe.com


* အကယ်၍သာ
ငါ့ကဗျာသည်
ရိုက်ခွာသာဖြစ်
ဆန်သာဖြစ်မူ
ပေးပို့လှူသည်
ယူလော့ အိသီယိုးပီးယား
ကုမ္ပေကုမ္ဘာ
တန်ချိန်များ။

* အကယ်၍သာ
ငါ့ကဗျာသည်
သီတာဖြစ်မူ
ပေးလှူပါရန်
စိတ်ထက်သန်သည်
အိရန် အိရတ်
သတ်ဖြတ်ရန်မီး
ငြိမ်းစေသတည်း။

mgyoe.com

mgyoe.com


* အကယ်၍သာ
ငါ့ကဗျာသည်
ပန်းသာဖြစ်မူ
ပေးလှူလိုသည်
လက်ဘနွန်ပြည်ထဲ
ရန်တွေစဲလို့
ပန်းကြဲလိုက်မည်
တစ်ပြည်လုံးလန်း
ရွှန်းရွှန်းချမ်းမြေ့
အေးစေသတည်း။

* ဩော်... တို့များစေတနာ
ထားခဲ့ပါလည်း
ကန္တာရနွေအောက်
ပန်းနယ်ခြောက်၍
နွမ်းပျောက်သွားမှာ
စိုးပါဘိ။　။

ကလျာ၊ နွန်၊ ၁၉၈၅

mgyoe.com

mgyoe.com

## တောဓါတ်ဝေ

* သစ်ရည်ဝင်းစို၊ တောအုပ်ညိုလျှင်
မိုးဆိုမိုးလိုက်၊ မြရည်လှိုက်၍
သိုက်သိုက်ဝှန်းဝှန်း၊ ပျော်ဖွယ်ရွှန်း၏။

* နွေဦးမာသီ၊ သည်ခါညီလည်း
ရွက်ရည်ရော်ရဲ့၊ ပင်ခြေဝဲ၍
ရွှေခဲလိုလို၊ ရွက်လိုလိုလျှင်
နဂိုတင့်ရွှမ်း၊ ပင်တိုင်းလွှမ်း၏။

* ဤသို့မိုးနွေ၊ ရွက်ညာကြွေလည်း
ရွက်သစ်ဝဲနှင့်၊ မည်းမည်းမားမား
တောအုပ်များကား၊ ဘုရားပစ္စေ
ရှင်မထေရ်နှင့်၊ လျှော်တေဆင်မြန်း
မြတ်ရဟန်းတို့၊ သင်္ခမ်းရိပ်သာ
ဖြစ်ခဲ့ပါ၏။

mgyoe.com

mgyoe.com


* တစ်ခါတစ်ခါ၊ ကြောင်းသင့်လာသော်
ရွက်ဖြာအုပ်မိုး၊ ထိုတောမျိုးကား
လူဆိုးသူပုန်၊ ခိုလှုံရိပ်သာ
ဘုံမဟာပင်၊ ဖြစ်ပြန်လျှင်၏။

* လူ့ခွင်လောက၊ ဤဌာနကား
ဘဝလမ်းကြောင်း၊ အကောင်းပင်မ
ဖြစ်ပါရလည်း၊ အစမတော်
ကြောင်းမလျော်က၊ လွဲချော်မစဲ
ငရဲ စ,ရာ၊ ဖြစ်ပြန်ပါ၏။ ။

ပဒေသာ၊ အတွဲ ၁

mgyoe.com

mgyoe.com

## ခန္တာနှင့် ဝိညာဉ်

"လာလာလေ လိုက်ခဲ့မလားရယ်တဲ့"
ခွန်းဆက်ပုံ သူ့အသံကြားတော့ကာ၊
မတားသာ မချိပြုံးဟန်နှင့်၊
"သွားလိုရာ သွားပါ အချစ်ဆုံးရယ်..." လို့၊
ခွေနုံးလျက် ဆိုမိတယ်။

ကြွရရှာ၊
မိုးဝမှာ လရွှေစင်နှင့်၊
တိမ်ခွင်မှာ တစ်ထောက်နားပါလို့၊
သက်တံနွယ် ရေသောက်သွားပါမှ၊
လျှောက်ခဲ့မယ် ဤမြေနားဆီသို့၊
မြွက်ကြားကာ အဟုန်ဖွင့်လို့ရယ်၊
လွင့်ပါတဲ့ ဝိညာဉ်ငယ်။

mgyoe.com

mgyoe.com


သူ့မှာတော့ တန်ခိုးရှင်၊
မိုးခွင်ကို မမင်လည်း၊
မြေပြင်ကို သူနှောက်လို့၊
တောင်ဖောက်ကာ ကြိုးတွေသွယ်၊
အဏ္ဏဝါလယ်ကိုဖြင့် ဟက်ကာခွဲ။

စိုးရိမ်မိပါသကွဲ့၊
မိုးတိမ်မှာ အတွယ်ငြိတော့ကာ၊
လာချိန်ကို မလာရှိမှဖြင့်၊
မသိသူတစ်ယောက် 'သမား' ရယ်က၊
စောင့်စားသူ ခန္တာ'တုံး' ကိုဖြင့်၊
ဆုံးလေပြီ အသက်ပဲရယ်လို့၊
အလွဲထင်မှာ စိုးသော်ကြောင့်၊
တန်ခိုးတော် ဘယ်လိုဝင့်ပေမင့်၊
နေဖင့်ကာ အလာနှေးရင်ဖြင့်၊
သခင့်တွယ်စရာ အပြန်အရေးကိုကွယ်၊
တွေးချင့်မရဲ။ ။



mgyoe.com

mgyoe.com

## ပွဲတွေ့အလွမ်း

မင်းစည်းစိမ် ကြုံအတွေ့ကိုတော့၊ မမွေ့သူ လောင်းတော်ဘုရား ရယ်က၊ ဘုံစဉ်ကို ခုံမင်ကင်းပြီတဲ့၊ တောတွင်း အလျှင်ချီတော့၊ မြတ်ဒေဝီ နောက်တော်ပါးမှာဖြင့်၊ ဖဝါးမကွာ အစဉ်လိုက်ပါလို့၊ တားရှိုက်ငို အဆင့် ဆင့်စခန်းပါပဲ၊ ဖုံဖြင့်သာ ကိုယ်မှာ လွမ်းပါရော့၊ မလျှော့သူ သခင်မင်းပေ ထင့်၊ ရှင်းလေသည့် သံယောဇဉ်။

ဇွဲရာဇာ လူ့သနင်းမှာတော့၊ ထီးဖြူကို သာသာငြင်းတဲ့ပြင်၊ မြက်ခင်းကို ပမာယှဉ်လို့၊ ရှင်မင်းကို ဒီလိုမခင်သတဲ့၊ ပင်ခြေကို လျှင် ခြွေကာဖြတ်ပါလို့၊ တောစပ်ကိုဖြင့် ကိုယ်တော်နှင်။

စာအတွေ့သော်မှ၊ မမြေ့နိုင် ကိုယ်နှင့်နှိုင်းခဲ့ရ၊ ရိုင်းလိုက်လေ ဒီတစ်သုတ်မှာတော့၊ ‘ကို့လိပ်ပြာ ရတ်ခြည်းတကယ်ခွာတော့’၊ မယုံသာ ယုံတစ်ဝက်ကယ်နှင့်၊ မြက်ပင်ကို လက်လျှင်ကာ အဖြတ်စောသူရဲ့ လောကစံ ဒီတစ်ကြောမှာ၊ ချစ်ဇောကို ဘယ်လိုဖြေရပါ့၊ ဆုထူးခြွေ သီဝလိသော်မှ၊ တုန့်ချည့်ကာ မြေမှာလဲပါသတဲ့၊ ပါရမီ ကံကနည်းသူ မို့၊ အံ့ခဲကာ ဟန်ကိုလုပ်ပေမင့်၊ အနာဂါမ် မယ်မဟုတ်လေတော့၊ နာမ်- ရုပ်ကို ပြတ်ပြတ်စဲအောင်ပ၊ အားထုတ်စဉ် ခဏတာပဲပေထင့်၊ မြဲလေ

mgyoe.com

mgyoe.com


သည့် သတိယှဉ်၊ မဆင်ခြင်နိုင်ဘု ကျန်စခန်း။

ပြောစမ်းပါဘုရာ့၊ 'မိန့်မှမ်းကို မကြင်လေသလား၊ ဘုံကြမ်းကို မခင်လေသလား' စကားတွေ ထွေထွေဆက်ပါလို့၊ 'တစ်သက်မှာ တစ်ခါရှုံးတာပဲ'၊ မရှက်သာ ပဋ္ဌာလူးသည့်သို့၊ ကိုရှိရာ အပြတ်ကူးခဲ့မယ်၊ 'လွတ်လိုက်လေ.... ကိုယ့်သက်ဦးရယ်လို့'၊ ရင့်ကြိုးကာ ပြစ်တင်ရက်ရင်လည်း၊ မပျက်ပေါင် တငွေ့ငွေ့ မနွမ်းပါရစေနဲ့၊ သည်းတမြေ့မြေ့ကျွမ်းပါတဲ့၊ (သခင်ရယ်) ပွဲတွေ့အလွမ်း။ ။

ရှုမဝ၊ နိုဝင်ဘာ၊ ၁၉၇၀

❑

mgyoe.com

mgyoe.com

# မလွမ်းသာ

မိုးဖွဲဖွဲရွာသွန်းနေချိန်တွင် ကျွန်မတို့နှစ်ယောက်သည် ကြို့ကုန်း အိမ်ဘက်သို့ ကားမောင်းလာခဲ့ကြ၏။ အိမ်ဝင်းဝတွင် ခြံတံခါးသည် ဆေးများပြယ်၍ ညှိစိမ်းသော ရေညှိများ တက်နေ၏။ ပတ္တာချောင်နေပုံ ရ၍ တံခါးရွက်သည်လည်း ခွင်မကျဘဲ တိမ်းရွဲ့ရွဲ့ဖြစ်နေပေသည်။ တံခါး ထိပ်ရှိ သံခွေကြောင့် တံခါးရွက်နှစ်ခုမှာ စေ့နေပုံရသော်လည်း ပုံမကျ တော့ပေ။ ကားဦး တံခါးဝတွင်ရောက်သည့်တစ်ပြိုင်နက် ခြံစောင့် အဘိုးကြီးသည် အပြေးအလွှားလာကာ တံခါးဖွင့်၏။

"မခင်ယုတို့၊ မောင်ဖေဝင်းတို့ကိုး"

သူသည် ဝမ်းသာအားရ ဆီးကြို၏။ အဘွားကြီးက ဆင်ဝင် အောက်မှ ပြုံး၍နှုတ်ဆက်ကာ ကားတံခါးကို ဆီးဖွင့်ပေးပေသည်။ အိမ် သည် ကျွန်မ ထွက်သွားခါစနှင့်မတူ၊ အတော်ပင် ဟောင်းနွမ်းနေလေ သည်။ ကိုဖေဝင်းအတွက်မူ ပထမဆုံးအကြိမ် ရောက်လာခြင်းပင် ဖြစ်၏။ သူသည် ဧည့်ခန်းရှိ ကြိမ်ကုလားထိုင် အဟောင်းတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

"အိမ်က ဟောင်းပေမင့် အတော်ကျယ်သားပဲ ယု"

mgyoe.com

mgyoe.com


အိမ်အတွင်းဘက်သို့ လှမ်းမျှော်ကြည့်ရင်း ပြော၏။ သူက သူ့အတွက် ထိုအိမ်မှာ ရေနံများသုတ်ထားသော အိမ်ဟောင်းတစ်လုံးသာ ဖြစ်၍ တစ်စုံတစ်ရာ အဓိပ္ပာယ်ထူးထူးခြားခြား ရှိလိမ့်မည်မဟုတ်ပေ။

ကျွန်မအတွက်မှာမူ မှိုနံ့နှင့် ရေနံနံ့ ရောပြွမ်းနေသော ဤအိမ်၏ အခန်းများသည် ထူးခြားသော တန်ခိုးသတ္တိရှိနေသလို ဖြစ်ပေသည်။

အိမ်သည် ဆင်ဝင်နှင့် မြန်မာပုံ ရိုးရိုးဆောက်ထားသော နှစ်ထပ်အိမ်ဖြစ်သည်။ အောက်ထပ်တွင် ဧည့်ခန်းနှင့် ထမင်းစားခန်း၊ အပိုအိပ်ခန်းတစ်ခုရှိ၍ အပေါ်ထပ်တွင် ကျွန်မတို့ သားအဖသုံးယောက်အတွက် အိပ်ခန်းသုံးခုနှင့် ဘုရားခန်း ရှိပေသည်။

အောက်ကြမ်းပြင်သည် ကျွန်မတို့နေတုန်းကလို ပြောင်လက်နေခြင်း မရှိပေ။ အိမ်စောင့်အဘွားကြီးက နေဖြစ်ရုံ တံမြက်လှည်းထားပေ၏ ။

အဘိုးကြီးသည် ကိုဖေဝင်းကို အားရဝမ်းသာ ဧည့်ခံ၏။

"ရေနွေးတည်ခိုင်းလိုက်ဦးမယ်၊ လက်ဖက်ရည်ကြမ်းနဲ့ ငါးခြောက်ဖုတ် စားရအောင်၊ မငွေရေ... လက်ဖက်လည်း သုပ်ပါဟယ်"

"ကိစ္စမရှိပါဘူး၊ အဘ ဖြည်းဖြည်းသာလုပ်၊ ကျွန်တော်တို့ အေးအေးဆေးဆေး လျှောက်ကြည့်ဦးမှာ"

သူသည် အဘကို ပြောရင်းမှ ကျွန်မဘက်သို့ လှည့်ကာ...

"ကဲ ယု... ကိုတို့ အိမ်ပေါ်တက်ကြည့်ရအောင်" ဟုခေါ်၏။

"တက်ကြည့်ပါကွယ်၊ အပေါ်မှာ အခန်းတံခါးတွေ ဖွင့်ထားပါတယ်၊ အဘတို့တော့ အောက်မှာပဲ အိပ်တယ်၊ မခင်ယုတောင် လက်ထပ်ပြီး ဒီအိမ်ကို မရောက်သေးဘူးနော်"

ကျွန်မသည် ခေါင်းညိတ်ပြကာ ကိုနှင့်အတူ အိမ်ပေါ်ထပ်သို့ တက်လာခဲ့၏။ အပေါ်ထပ်ကြမ်းပြင်သည် ဖုန်နှင့်မှိုများကပ်၍ နေပေသည်။ လှေကားထိပ်မှ ဆင်ဝင်ခန်းကို မြင်လိုက်လျှင်ပင် ကျွန်မသည် မျက်စိကို ခဏမှိတ်ထားမိ၏။ ဖေဖေ့ရုပ်သွင်သည် ထင်းခနဲပေါ်လာသည်။ ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ဆေးတံကြီးခဲကာ

mgyoe.com

mgyoe.com


နေလေ့ရှိသော ဖေဖေ့ဟန်သည် ဤအခန်းကို အသက်သွင်းပေးသည်နှင့် တူ၏။ ယခု ဆင်ဝင်ခန်းသည် ဟင်းလင်းပွင့်ကာ ဘာမျှမရှိပေ။ မေမေ သည် သူ့အပါးတွင် ရှမ်းဖက်ဆေးလိပ်ချောကို ဖွာကာ ဆိနင့်အောင် စိမ်ထားသော လက်ဖက်ခွက်ထဲမှ လက်ဖက်မြုံ့ရင်း ဖေဖေနှင့် စကား ပြောနေတတ်ကြ၏။ ဖေဖေ စာဖတ်လျှင်လည်း သူကပါ စာတစ်အုပ် ကိုင်ကာ ဖေဖေ့အပါးတွင် နေတတ်ပေသည်။

ကိုက ဆင်ဝင်ခန်းထဲသို့ ဝင်သွားကာ ပြတင်းပေါက်များကိုဖွင့် ၍ ခြံထဲကို စီးကြည့်၏။ ကျွန်မကမူ ခေါင်းရင်းဘက်ရှိ အခန်းသို့ ဝင် သွားမိ၏။ ထိုအခန်းမှာ ဘုရားခန်းဖြစ်၏။ ခေါင်းရင်းဘက် ပျဉ်များ သည် ဆွေးနေဟန်ရှိသည်။ အခန်းပြင်ဘက် ဝရန်တာတွင် ကျွန်မသည် ညနေတိုင်း ဘုရားပန်းလဲရပေသည်။ ဤအခန်းသည် ကျွန်မတို့သားအဖ သုံးယောက်အတွက် စိတ်အချမ်းငြိမ်းဆုံးကို ပေးစွမ်းနိုင်သော အခန်းဖြစ် ခဲ့ပါသော်လည်း ကိုကိုအောင်နှင့် ကျွန်မအတွက်မှာမူ 'စိတ်ချင်း ခင်နှင့် မောင်မတူ' ဇာတ်လမ်းကို စခဲ့ရာအခန်း ဖြစ်ပေသည်။

ဘုရားခန်းနောက်ဘက်တွင် ဖေဖေနှင့်မေမေအိပ်ခန်း ရှိပေသည်။ မျက်နှာချင်းဆိုင်ဘက်ရှိ ကျွန်မအိပ်ခန်းရှိရာသို့ ကျွန်မ လျှောက်လာခဲ့ ၏။ အိမ်ခန်းသည် မှောင်နေ၍ လင်းနို့ချေးနံ့ နံနေပေသည်။ ပြတင်း တံခါးများကို ဖွင့်လိုက်မှ လတ်ဆတ်သော လေအေးများ ဝင်လာတော့ သည်။

ကျွန်မ ငယ်စဉ်ကတည်းက အိပ်လာသော အခန်းလေး။ ဤ အခန်းလေးထဲတွင် အရွယ်ရောက်သည်အထိ ကျွန်မ နေခဲ့၏။ ယခင် ခုတင်ထားရာနေရာ၏ ခြေရင်းဘက် ပြတင်းတံခါးကို ကျွန်မ ဖွင့်လိုက် ၏။ နေခြည်ဖျော့ဖျော့မှာ အခန်းပြတင်းမှ လျှောကျလာလေသည်။ မရန်း ပင်ရွက်များမှာမူ ရေစက်များဖွာကျကာ မိုးဦးလေတွင် လှုပ်ရှားနေသည်။

မိုးဖွဲဖွဲရွာနေသော်လည်း အနောက်တွင် နေကသာလျက်ရှိ၏။ နေရောင်ခြည်ကို ဖြတ်ကျော်ကာ မိုးစက်ငွေမျှင်တို့သည် တဖွားဖွား ရွာ သွန်းနေတော့သည်။ ဤအလှကား မက်မောဖွယ်ကောင်းသော မိုးရာသီ

mgyoe.com

mgyoe.com


၏ လှကွက်တစ်ကွက် ဖြစ်ပေသည်။

ဤပြတင်းမှကြည့်လျှင် ကိုကိုအောင်နှင့်အတူ လမ်းလျှောက်ခဲ့သော တောလမ်းလေးကို လှမ်း၍မြင်နေရသည်။ တောလမ်းလေးသည် အဝေးအကြည့်တွင် ယခင်ကလို မလှပတော့။ မိုးဦး ချုံများထချိန် ဖြစ်၍ ကပ်စေးနဲ့ပင်၊ စူကာပင်များ အရိုက်နှင့် ချုံဖွဲ့ကာ ပေါက်နေကြပေသည်။ ကွေ့ကောက်နေသော ခြေသွားလမ်းရာကလေးကိုမူ ယခင်အတိုင်း ခပ်ရေးရေး မြင်နေရပေသေးသည်။

ခြေလမ်းလေးရှိရာသို့ ပြေး၍သွားချင်လာ၏။ မိုးမှာ လမ်းလျှောက်နိုင်လောက်အောင် မစဲသေးပေ။ ဤလမ်းလေးသည် ကျွန်မ မရှိတော့သည်နောက် အသက်ကင်းမဲ့နေသော လမ်းသေလေးနှင့် တူနေ၏။ ယခင်ကတော့ သူ့အပေါ်တွင် ခြေချကာ လမ်းလျှောက်သူနှစ်ယောက်၏ စိတ်ဓာတ်ရွှင်ပျသည်နှင့်အမျှ ကွေ့ကောက်သော လမ်းကလေး၏ ဟန်ပန်ကလည်း အသက်ဝင်လှုပ်ရှားနေဟန်ရှိ၏။ လမ်းဘေး ချုံများတွင် ပွင့်သော ပန်းများသည်လည်း အလေ့ကျပေါက်သော ပန်းလေးများပင် ဖြစ်သော်လည်း လမ်းလေးကို ရိုးသားသော အလှဖြင့် ချစ်စဖွယ် တန်ဆာဆင်ကြပေသည်။ မိုးကား စဲ၍သွားပေပြီ။

ကျွန်မသည် အခန်းထဲမှ အပြေးကလေး ထွက်လာ၏။ ကို့ကိုပင် ဂရုမပြုမိပေ။ အောက်ထပ်သို့ ဆင်းလာသောအခါ ဧည့်ခန်းတွင် အဘိုးကြီးနှင့်အတူ ကို စကားပြောနေသည်ကို တွေ့ရ၏။

"ကို... ယု အိမ်နောက်ဘက် သွားလိုက်ဦးမယ်"

ခပ်ကျယ်ကျယ်ပင် ကို့ကို ဟစ်ပြောခဲ့ကာ အိမ်နောက်ဘက်သို့ ထွက်လာခဲ့လေ၏။ တောလမ်းဘက်သို့ထွက်ရာ နောက်ဘက်ခြံတံခါးမှာ ဖွင့်နေ ပိတ်နေမကျ၍ ကျပ်နေတော့သည်။ အားစိုက်ပြီး တအားဖွင့်တော့မှ ပွင့်ထွက်သွားတော့၏။

တောလမ်းလေးပေါ် ခြေချမိသည့်တစ်ပြိုင်နက် စိတ်မှာ ရွှင်၍ ငယ်ငယ်တုန်းကလို ပေါ့ပါးသွားလေသည်။ သို့သော် ရွှင်ပျသောစိတ်မှာ တာရှည်မခံပါပေ။

mgyoe.com

mgyoe.com


ဤလမ်းပေါ်ဝယ် အတူလျှောက်နေကျ 'သူ' အား တသစရာ ဖြစ်လာပြန်တော့သည်။

ယခုလို အချိန်ရောက်ခါမှ တစ်ယောက်နှင့်တစ်ယောက် လွမ်းဆွတ်နေစရာအကြောင်း မရှိတော့ပြီကို သိပါသော်လည်း တမ်းတတတ်သော နှလုံးသားထဲမှ လှုပ်ရှားမှုကိုမူ ကျွန်မ မထိန်းသိမ်းတတ်ပေ။

စာရေးဆရာတစ်ဦး ရေးခဲ့သလိုပင် သူနှင့် ကျွန်မသည် 'ကြုံသာကြုံ မဆုံသည့် ဇာတ်လမ်း' ကို ခင်းခဲ့ကြ၏။

ပထမဆုံး မိုးတစ်ပြိုက်ရွာချိန်ကို ကျွန်မ အလွန်ပင် နှစ်သိမ့်ပျော်ရွှင်တတ်၏။ လူလားမမြောက်ခင်ကပင် မိုးဦးကို မျှော်တတ်၏။ မိုးကျချိန်ကို တမ်းတတတ်သည်။ မိုးစက်မိုးမှုန်လေးများမှာ ခုန်ပေါက်ပြေးလွှားကာ ပန်းငုံပန်းဖူးတို့ကို လှုပ်နှိုးလိုက်သယောင် ကျွန်မရင်ထဲတွင် ထင်မိပေသည်။ စိမ်းမြမြ သစ်ရွက်များအလယ်တွင် ချစ်စဖွယ် ပွင့်အာလာသော ပန်းဝတ်လွှာများကို မြင်ရတိုင်း ကျွန်မစိတ်များသည် တက်ကြွလာတတ်သည်။ မိုးစက်လေးများလိုပင် တောအနှံ့ တောင်အနှံ့ ပြေးလွှားလိုက်ချင်၏။ ဖြူနုကြွရွသော ဝတ်လွှာကိုလှစ်ကာ မိုးစက်ကိုကြိုသော ပန်းပွင့်လေးများအား နှုတ်ဆက်တွေ့ထိ နမ်းရှုပ်လိုက်ချင်သည်။

ပထမဆုံး မိုးနှင့်မြေတို့ တွေ့ထိချိန်မို့ မြေသင်းနံ့က ပျံ့ပျံ့သင်းသည်ကို ကျွန်မ အားရစွာ ရှုရှိုက်မိပေသည်။ ငယ်သွေး၊ ငယ်စိတ်တို့ ကြွရွချိန်မှာ မိုးဦးစလို လတ်ဆတ်ရွှင်လန်းသလောက် အသက်ထောက်၍လာလေလေ မိုးလယ်ကောင်းကင်လို စိတ်များက မှုန်မှိုင်းလေးလံလာကြသည်။

ယခုတော့ ကျွန်မတစ်ယောက်တည်းပင် တောလမ်းကလေးကို ဆက်၍လျှောက်ခဲ့၏။ တောလမ်းကလေးသည် မြေသင်းနံ့ သင်းပျံ့ဆဲဖြစ်သည်။ တောပန်းလေးများလည်း မိုးစက်အောက်တွင် လန်းဆတ်စွာ ပွင့်နေကြဆဲဖြစ်၏။ ကျွန်မသည် ဇလပ်ပန်းပင်နားတွင် ခေတ္တအပန်းဖြေ၏။ တစ်လွှာချင်း ပွင့်နေသော ဇလပ်ပန်းကြွေများမှာ မြေတွင် ဖွေးနေကြလေသည်။

mgyoe.com

mgyoe.com


ကျွန်မနှင့် သူ စိတ်တူကြစဉ်အခါက ဇလပ်ပွင့်လေးများကို သူ ကောက်၍ပေးခဲ့သည်။ ဤနေရာရှိ သစ်တုံးလေးပေါ်တွင် နှစ်ယောက် စိတ်တူကြသည့်အကြောင်း၊ မတူကြသည့်အကြောင်းကို ဆွေးနွေးကြ ၏။ မိုးသားရောင် ကောင်းကင်မှ စွေစောင်းကျနေသော ညနေ နေခြည် ကိုမှ အထူးလှသည်ထင်ကာ နှစ်ယောက်သား ငေးမောခဲ့ကြပေသည်။

ငယ်စိတ်၊ ငယ်သွေး ငယ်ငယ်က အတွေးနှင့်မူ ပန်းလေးများကို အတူတကွကြည့်နိုင်ပါလျှင် မိုးဦးနေခြည်ကို အတူယှဉ်တွဲ၍ အရသာ ခံနိုင်ပါလျှင် နှစ်ယောက်အရှည်ပေါင်းသင်းရမည့် အရေးတွင်လည်း သဘောကွဲလွဲစရာမရှိဟု ကျွန်မ ထင်ခဲ့၏။ သို့သော် ကျွန်မငယ်စဉ်က အတွေးများကား ကလေးဆန်လွန်းလှသည်တကား။

ဤနေရာတွင် ဟိုစဉ်အခါက တောတန်းလေးသည် အတော်ပင် ရှည်လျားခဲ့သည်။ ကြို့ကုန်းတစ်ကွက်လုံးလိုလိုပင် ဥယျာဉ်ကြီးများ များ၍ တောအုပ်ငယ်လို မှုန်မှိုင်းနေပေသည်။

ယခုမူ တောတန်းလေးသည် ကျွန်မတို့ ဝင်းနောက်တွင် ကွက်ကွက်သာ ကျန်တော့သည်။ ပတ်ဝန်းကျင်တွင် လယ်ကွက်များ သည် ကျယ်ပြန့်လာကြ၏။

မိုးစက်လုံးလေးများကမူ သစ်ရွက်များတွင် တွဲရရွဲခိုကာ ယခင် ကလိုပင် ဆီးကြိုကြ၏။ နေရောင်အောက်တွင် ရေစက်များသည် သက်တံရောင် ယှက်သန်း၍ တဝေ့ဝေ့လည်ကာ လေတစ်ချက်တိုက် လိုက်လျှင် လျှောကျပျောက်ကွယ်သွားကြပြန်သည်။

မိုးစက်လေးများ၏ ဘဝတစ်ခဏလိုပင် သူနှင့်ကျွန်မသည် ဤ တောတန်းငယ်တစ်ကွေ့ဝယ် တွေ့ခဲ့ကြ၏။ မိုးစက်များကမူ ရွှေ့လျော ကျ၍ မြေတွင် ပျောက်ကွယ်ခဲ့သော်လည်း ကျွန်မ အသည်းနှလုံးတွင် ထင်ခဲ့သော **အချစ်နာ** မူ ယခုတိုင် မပျောက်ပျက်သေးပေ။ နေရောင် ဟပ်သော် ရေလုံးလေးများသည် သက်တံရောင်စုံ ဝေ့လည်၍ အရောင် တောက်သလို ယခုလို ပတ်ဝန်းကျင်အသွင်ဟောင်းများက အရောင် ပြန်ဟပ်ချိန်တွင် ကျွန်မအသည်းနှလုံးဝယ် ကျန်ရစ်သော ချစ်စိတ်သည်

mgyoe.com

mgyoe.com


လည်း အရောင်မြူးပျံကာ ပြန်လည်တောက်ပလာခဲ့၏။

ယခင်က ကျွန်မဆံထုံးတွင် သူ ကောက်၍ပေးခဲ့သော တောဇလပ်ပန်းများနှင့် ဝေ၍နေခဲ့၏။ သူကသာ ကောက်ပေးလျှင် ဘာပန်းမဆို ကျွန်မ ပန်၏။ ယခု ကျွန်မခေါင်းတွင် တောဇလပ်ပန်းများ မရှိတော့ပေ။

"ယုရေ… ပြန်ကြစို့ဟေ့"

ခြံ၏နောက်ဘက်ဝမှ ကျွန်မ၏ခင်ပွန်းသည် ကိုဖေဝင်းသည် ကျွန်မကို ဟစ်၍ခေါ်၏။ ကျွန်မရှိရာ သစ်တုံးအနီးသို့ ခြေသွားလမ်းကလေးဖြင့် သူ လျှောက်လာ၏။ သူ့လက်ထဲတွင် စံပယ်ကုံးလေးတစ်ကုံး ပါလာလေသည်။

"စံပယ်တွေပွင့်နေလို့ ခြံစောင့်အဘွားကြီး သီနေတယ်၊ ကိုက ယု ပန်စေချင်တာနဲ့ တစ်ကုံးယူလာခဲ့တယ်၊ ရော့… ပန်ဦး"

ကိုသည် စံပယ်ကုံးလေးအား ကျွန်မ ဆံထုံးတွင် ခွေရစ်၍ပေး၏။ အခြေအနေများက တိုက်ဆိုင်လွန်းလှသည်ဟု ကျွန်မ ထင်မိ၏။

"ယုတစ်ယောက်တည်း ဘာလာလုပ်နေတာလဲ"

ကိုက ကျွန်မ၏ မှုန်ရီဝိုးဝါးသော မျက်နှာထားတွင် တစ်စုံတစ်ခု မြင်နေရသလို စူးစိုက်ကြည့်ကာ မေး၏။

"သြော်… ဒီနေရာက အရင် ယုတို့နေတုန်းကဆိုရင် ကိုကိုအောင်နဲ့အတူ လမ်းလျှောက်ခဲ့တဲ့နေရာပေါ့၊ တောတန်းဟာ အရင်ကလိုမှ သာယာသေးရဲ့လားလို့ ယု လာကြည့်တာ၊ ခုတော့ လယ်ကွင်းတွေ ဝိုင်းလာပြီ၊ ဟိုဘက်မှာလည်း အစိုးရတိုက်တွေ၊ ဒီခြံနောက်တစ်ခုပဲ တောတန်းလိုလို ကျန်ရစ်တော့တယ်"

ကိုသည် ကျွန်မပခုံးကို ဖက်ကာ ကျွန်မ ညွှန်ပြရာသို့ ငေးမောကြည့်၏။ စိမ်းနုသော ပျိုးခင်းများပေါ်တွင် ရွှေရောင်ပြေး၍နေတော့သည်။ တိုက်ဝါများကို ပျိုးခင်းအဆုံးတွင် ခပ်ရေးရေးမြင်ရ၏။ တောဟန်နှင့် မြို့ဟန်ရောနှော၍ သဘာဝအလှသည် အဝေးတွင် မထင်ရှားတော့ပေ။

mgyoe.com

mgyoe.com


"လာ... ပြန်စို့"

ကို ခေါ်ရာသို့ ကျွန်မ ပြန်လိုက်လာ၏။ နောက်ဘက်တံခါးပေါက်မှ ခြံထဲသို့ ပြန်ဝင်လာခဲ့ကြ၏။ ခြံထဲတွင် အပင်မျိုးစုံပေါက်ကာ ရှုပ်ပွ၍ လှလှပပမရှိပေ။ ခြံစောင့်အဘိုးကြီး လင်မယားမှာ သစ်ပင်မျိုးစုံအောင် စိုက်တတ်သော်လည်း မြို့၏မျက်စိပသာဒလို ခြံလှအောင်တော့ မလုပ်တတ်ကြပေ။

"ယု ခြံထဲကို လျှောက်ကြည့်ချင်သေးတယ် ကို"

ကို့ထံ ကျွန်မ ခွင့်တောင်းလိုက်၏။

"လျှောက်လေ၊ ကိုတော့ အိမ်ထဲဝင်ပြီး ရေနွေးကြမ်း သောက်ဦးမယ်၊ အဘိုးကြီး ခုန ရေနွေးအိုးတည်ထားတာ မဆူသေးဘူးထင်တယ်"

ကိုသည် အိမ်ရှိရာသို့ လျှောက်သွား၏။

ကျွန်မ ယခင်က နှင်းဆီပန်းများ ခူးရာနေရာတွင် တောနှင်းဆီရော ရိုးရိုးနှင်းဆီ အနီအဖြူများမှာ ပွင့်ခဲပေါက်နေကြပေသည်။

ယခင်က ကျွန်မသည် ညနေတိုင်းလိုလို ပန်းခူးကာ ဘုရားညောင်ရေအိုးလဲရလေသည်။ ကိုကိုအောင်က ရွာမမှ သူ့ကားလေးနှင့် ကျွန်မကို စာလာသင်၏။ စာသင်ပြီး ကျွန်မ ပန်းခူး၊ ညောင်ရေအိုးလဲသည်ကို စိတ်ရှည်လက်ရှည်စောင့်နေပြီးမှ အပြီးတွင် နှစ်ယောက်သား ခြံနောက်ဘက် တောလမ်းလေးတွင် လမ်းလျှောက်ကြလေသည်။

ထိုစဉ်က ဂျပန်ခေတ်အတွင်းဖြစ်၍ ကျွန်မ ကျောင်းမတက်ရပေ။ ကိုကိုအောင်ကသာ လာ၍ စာသင်ပေး၏။ မိုးချုပ်စပြုမှပင် သူ့ကားလေးနှင့် ပြန်၍သွားတတ်ပေသည်။

ကျွန်မတို့မိဘနှစ်ဦးလုံးမှာ ပင်စင်စားများဖြစ်၍ ဘဝမှာ အပြောင်းအလဲ သိပ်မရှိလှ။ ကိုယ့်ဝင်း၊ ကိုယ့်ခြံ၊ ကိုယ့်ဝင်ငွေနှင့် အေးအေးသာ နေလာခဲ့လေသည်။

ကျွန်မ ဘုရားပန်းကပ် ရှိခိုးနေချိန်တွင် ကိုကိုအောင်သည် အေးဆေးစွာ နောက်ဘက်ခြံဝတွင် စောင့်နေသော်လည်း တစ်ခါမျှ သူကိုယ်တိုင် ဘုရားကို ဦးမချပေ။ သိပ်ကြာသွားသောအခါတွင်မူ ကျွန်မ ပြေး

mgyoe.com

mgyoe.com


ဆင်းလာသည်ကို မြင်လျှင် အပျင်းဆန့်ရင်း...

"မရွှေယုရဲ့၊ ကပ်လိုက်ရတဲ့ ပန်း၊ ရှိခိုးလိုက်ရတဲ့ ဘုရား၊ ဘယ်တော့ နိဗ္ဗာန်ရောက်မှာလဲ" ဟု ဆီး၍မေးတတ်သည်။ သူ့မျက်နှာသည် အေးချမ်း၍ အစဉ်ပြုံးနေသည်မို့ သူ့ကို ယခုလို မြင်လိုက်ရလျှင် ကျွန်မ အလွန်စိတ်ချမ်းမြေ့၏။ သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ဖွဲ့ယမ်းကာ ကျွန်မက ရယ်မောပစ်လိုက်၏။ ကျွန်မသည် ကလေးစိတ် မပျောက်သေး၍ ပြေးပြေးဆော့ဆော့ လမ်းလျှောက်တတ်၏။ ဂျပန်ခေတ်ထဲတွင်မှ ကျွန်မမှာ အရွယ်ရောက်လာသူဖြစ်သည်။

အရွယ်ရောက်လာသော်လည်း သူနှင့် လမ်းလျှောက်ခြင်းကို မေမေက မတားမြစ်ပေ။

အရွယ်ရောက်လာချိန်တွင် ကျွန်မသည် ဣန္ဒြေရရ လမ်းလျှောက်သော်လည်း သူ့အပါးတွင် ယှဉ်တွဲ၍လျှောက်၏။ သူက အရပ်မြင့်သူမို့ သူ့မျက်နှာကို မော့၍ကြည့်ကာကြည့်ကာ လျှောက်ရ၏။ သစ်တုံးပေါ်တွင်ထိုင်ကာ နှစ်ယောက် စကားပြောနေချိန်တွင် သူ၏ ဖြူလှသော အသားပေါ်ဝယ် နေရောင်ခြည် ဝါရွှေရွှေသမ်းနေသည်ကို ကျွန်မ ငေး၍ကြည့်မိ၏။ သူ့နှာတံမှာမြင့်၍ မျက်လုံးများမှာ တောက်ပလှသည်။ သူ့ကို ငေးစိုက်ကြည့်ရသည်ကို ကျွန်မ ပျော်၏။ ညနေတိုင်းလိုလို ဤနေရာတွင် ဤမျက်နှာကို မမြင်ရပါက ကျွန်မရင်ထဲတွင် ဟာ၍လာတတ်သည်။

"ကိုကိုအောင် ဘာလို့မလာတာလဲဟင်"

မလာသည့်ရက်ခြားလာလျှင် ကျွန်မသည် ကသောကမျော သူ့ကို မေးတတ်၏။ သူသည် ပြုံး၍ ကျွန်မကို ရွှန်းရွှန်းစားစားပင် ကြည့်သည်။ ထိုအပြုံးကိုပင် ကျွန်မ စိတ်ထဲဝယ် အလွန်လှပသည်ဟု ထင်ခဲ့၏။ ကျွန်မ၏ ခေါင်းကို ဖြည်းညင်းစွာ ပွတ်သပ်ရင်း...

"မအားလို့ မိယု၊ သင်တန်းက ပေးရသေးတယ်" ဟုဆို၏။ ပြီးလျှင် ကျွန်မဆံထုံးတွင် ပန်းလေးများ ပန်ပေးပြန်သည်။

"ကိုကိုအောင်လည်း ယုကို ညနေတိုင်းလို မမြင်ရရင် စိတ်ထဲမှာ

mgyoe.com

mgyoe.com


ဟာနေတာပဲ၊ ပြေးလာချင်တယ်၊ အချိန်မရလို့သာကိုး"

ကိုကိုအောင်က ယခုလိုပြန်ပြောလိုက်တော့လည်း ကျွန်မစိတ်ထဲတွင် ရှက်၍သွားသည်။ သူ့ကို ရဲဝံ့စွာ မကြည့်ရဲသလို ဖြစ်၍သွားတတ်သည်။ အမှန်တော့ နှုတ်မှ ဖွင့်ဟမပြောကြသော်လည်း တစ်ယောက်မျက်လုံးထဲဝယ် တစ်ယောက်သဘောကို သိမြင်နေကြပေပြီ။ ဤမျက်လုံးများက သူ၏ချစ်ခြင်းအကြောင်းများကို ကျွန်မအား ဖွင့်ဟပြောဆိုနေကြသည်မှာ ကြာမြင့်ခဲ့ပေပြီ။ ကျွန်မသည် အရွယ်ရောက်စမို့ မသိတတ်သေးပါဟုပြောလျှင် ပြောဆိုနိုင်ပါသော်လည်း ကျွန်မစိတ်များသည် ဘာကြောင့် သူ့ကို တမ်းတပါသနည်း။ ကျွန်မ၏နှလုံးသားက ဖွင့်ဟပြောဆိုချက်များကို ကျွန်မသည် ဖုံးကွယ်၍ ဟန်ဆောင်နေခြင်း ဖြစ်ပေသည်။

"ယုအဖြစ်ကလည်း သနားစရာ အလွန်ကောင်း၊ ကမ္ဘာပေါ်မှာ တစ်ယောက်တည်း နေရသလိုပဲ"

"ဟင်"

ကျွန်မက ကိုကိုအောင့်စကားကို အံ့ဩသလို နားထောင်မိ၏။

"ယုကို သနားတယ်"

ကျွန်မအပေါ်တွင် သနားသည်ဟူသောစကား သုံးသည်ကို ကျွန်မ မကြိုက်သလို ဖြစ်မိ၏။

"ဟုတ်တာပေါ့၊ သနားစရာလေး၊ ယုတို့ဘဝက အဖေရယ်၊ အမေရယ်၊ ဒီခြံကြီးရယ် ဒါပဲ၊ ယုကိုကြည့်ရတာ စက်ရုပ်လေးလိုပဲ၊ စာသင်လိုက်၊ ဘုရားပန်းလဲလိုက်၊ ပုတီးစိပ်လိုက်နဲ့ ယု မပျင်းဘူးလား"

ကျွန်မသည် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"ယု အဲဒါတွေ မလုပ်လို့ ဘာလုပ်ရမှာလဲ ကိုကိုအောင်ရာ"

"သြော်... အပြင်လေး ဘာလေးလည်း ထွက်ဦးပေါ့"

"မေမေက ရန်ကုန်ထဲလည်း စိတ်မချဘူးမို့လား၊ ဂျပန်လည်း ကြောက်တယ်၊ ဒီတော့ ခုအချိန် အိမ်ထဲနေတာပဲ ကောင်းတာပဲ"

သူသည် သက်ပြင်းချလိုက်ကာ ကျွန်မ လက်ဖျားလေးများကို

mgyoe.com

mgyoe.com


ဆွဲယူဆုပ်နယ်နေ၏။

"ကိုကိုအောင် ယုကို လက်ထပ်ပြီးရင် ဒီအိမ်မှာ မထားတော့ဘူး"

သူက စိုးပိုင်ဟန်နှင့်ဆို၏။

"ယုကလည်း မနေရစ်ပါဘူး၊ ကိုကိုအောင်နဲ့ တူတူ လိုက်နေမှာပေါ့"

ကျွန်မကလည်း ပေါ့ပါးစွာ ပြန်ပြောလိုက်၏။

"ဒီမှာ ယုတို့ နေပုံဟန်က ဘာနဲ့တူလဲဆိုတော့ ဟိုအင်္ဂလန်မှာ ၁၄ ရာစုနှစ်က မြေရှင်မြို့စားကြီး ရဲတိုက်မှာနေတဲ့ မြို့စားကြီး သမီးလိုပဲ"

ကျွန်မသည် လွတ်လွတ်လပ်လပ် ဟားတိုက်ရယ်၏။ "သူလည်း မတွေ့ဖူးဘဲနဲ့ဟော့" ကျွန်မက ထပ်၍သောကာ ရယ်ပြန်သည်။

"ဘာလဲ ကောင်မလေး၊ ဘာသဘောကျသွားပြန်တာလဲ"

ကျွန်မသည် ဆက်၍ရယ်ပြန်သောအခါ သူပါ ကျွန်မနှင့် ရောစ၍ရယ်၏။ ထိုအချိန်က ထိုစကားအဓိပ္ပာယ်ကို နားလည်လှသည်မဟုတ်ပေ။ ရယ်စရာထင်၍ ရယ်ခြင်းသာဖြစ်၏။ သို့သော် ထိုစဉ်ကတည်းက ထိုစကားစသည် 'စိတ်ချင်း ခင်နှင့်မောင်မတူ' ဟူသောသဘောကို သရုပ်ဖော်စ ပြုနေသည်ကို ကျွန်မ မသိခဲ့သည်တကား။

"ကဲ ဒေါ်ခင်ယု၊ ခင်ဗျား တွေးလည်း တွေးတာပေါ့၊ ပြန်ဖို့လည်း သတိရပါဦး"

ကျွန်မ၏ခင်ပွန်းသည်သည် ခပ်လှမ်းလှမ်းက အော်ပြောလိုက်မှ ကျွန်မအတွေးမှာ ရပ်သွားတော့သည်။ ကျွန်မသည် ရှက်ပြုံး ပြုံးလိုက်မိ၏။ ကျွန်မရပ်နေရာမှာ ပိန္နဲပင်အောက်တွင်ဖြစ်၍ သစ်ရွက်ဟောင်းများ မြေပေါ်တွင် စိုစွတ်၍ ကပ်နေကြသည်။ ကျွန်မသည် ကို ရှိရာသို့ လှမ်းကြည့်ရင်း စိတ်ထဲတွင် အားနာသွား၏။

"လာပြီ ကို၊ မရောက်တာကြာလို့ ယုလည်း လျှောက်ကြည့်နေတာပါ"

ကျွန်မသည် သူ ရှိရာသို့ လျှောက်သွား၏။ သူ့အပါးတွင် နှင်းဆီပန်းခိုင်များနှင့် စံပယ်ပန်းများ ပြည့်နေသော ခြင်းတောင်းလေးတစ်လုံး

mgyoe.com

mgyoe.com


ကို ကိုင်ကာ ခြံစောင့်အဘွားကြီးက ရပ်နေပေသည်။

"ယု ဒီနေရာကို ပြန်နေချင်လို့လား"

ကျွန်မသည် ကို့မေးခွန်းကို မဖြေတတ်ပေ။

"သာတော့ သာယာသားပဲ၊ မြို့နဲ့က ဝေးလှတယ်"

ကိုက သူ့အမေးကို သူ့ဘာသာဖြေ၏။

"မခင်ယု ငယ်ငယ်ကတည်းက အဘွားတို့ ထိန်းလာခဲ့တာ၊ ဒီခြံထဲမှာပဲ အင်းစိန်ကို ကရင်တွေ မသိမ်းခင်ကတည်းက သူတို့ ပြောင်းသွားကြတာ၊ အေးချမ်းသွားတော့လည်း အဘွားတို့သာ ဒီမှာနေတယ်၊ မခင်ယုအမေက ပြန်မပြောင်းလာတော့ဘူး"

အဘွားက ကို့ကို ပြန်ပြောပြနေ၏။

"လွမ်းလွမ်းရှိတဲ့အခါ လာကြည့်တာပေါ့ ကိုရယ်၊ အမြဲနေဖို့တော့ ယု မစဉ်းစားပါဘူး၊ ကဲ... ပြန်မယ်ဆို ပြန်ကြစို့ ကို"

ကျွန်မသည် ဒီတစ်ခါ ကို့ဆန္ဒအတိုင်း ကားရှိရာသို့ ရှေ့မှ ထွက်သွားပါတော့သည်။ အမှန်တော့လည်း လွမ်းသည့်အခါသာ လာကြည့်ချင်သည်။ ဤနေရာတွင် တာရှည်မနေလိုပါပေ။

အိမ်ရောက်ချိန်သည် မိုးချုပ်စပြုနေပေပြီ။ မေမေ ဆီးကြိုနေ၍ ပါလာသောပန်းများကို လှမ်းပေးလိုက်၏။ ကို့အတွက် ဝတ္တရားအတိုင်း ညနေစာကို ပြင်ဆင်ပေးနေရသော်လည်း စိတ်ထဲကမူ အိပ်ရာထဲဝင်ခွေကာ တွေးနေချင်ပေသည်။

ထမင်းစားပြီးချိန်လောက်တွင် မေမေက ထမင်းစားခန်းထဲသို့ ဝင်လာ၏။

"ဘယ့်နှယ်လဲ မောင်ဖေဝင်း၊ ကြို့ကုန်းအိမ်ကို သဘောကျလား၊ ဟိုမှာ ပန်းတွေ တော်တော်ပွင့်နေပြီ ထင်တယ်"

မေမေက ကို့ကို မေးလိုက်၏။

"သဘောကျပါတယ် မေမေ...၊ မြို့နဲ့ဝေးတာ တစ်ခုပါပဲ၊ ကျွန်တော် ပင်စင်ယူချိန်ကျတော့ သွားနေကြတာပေါ့၊ ယု ကြည့်ရ ပြန်နေချင်ပုံရတယ်"

mgyoe.com

mgyoe.com


"မေမေလည်း သမီးတို့ဖေဖေ ဆုံးပြီးကတည်းက ဒီအိမ်ကို ပြန်မကြည့်ချင်တော့ဘူး၊ များများစားစားလည်း ရှိတာမဟုတ်ဘူး၊ သားအမိသုံးယောက်နေလာခဲ့တာ၊ ကရင်တွေလက်ထဲက ပြန်ရပြီး ပြန်နေရမှာကနှစ်ယောက်တည်းဆိုတော့ မေမေလည်း မနေချင်ဘူး။ သမီးရော ခုနေချင်တဲ့စိတ် ရှိလား"

ကျွန်မသည် မေမေ့မေးခွန်းကို မဖြေတတ်သလို ဖြစ်ပြန်သည်။

"နေချင်တယ်လို့ ဟုတ်ပါဘူး မေမေ၊ ဟိုရောက်သွားတော့ သမီးလည်း ကိုကိုအောင်ကို သတိရနေတယ်"

ကျွန်မသည် စိတ်ထဲရှိသည်ကို ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်၏။

"အေး ဟုတ်ပါရဲ့၊ ဒီတုန်းက သမီးရဲ့အဖော်ကလည်း သူပဲ ရှိတာ၊ မောင်အောင်နိုင့်သတင်းကလည်း ဘာမှမကြားရဘူး"

"ကျွန်တော်ကြားတော့ သူ လက်နက်ချတော့မလိုလို ကြားတာပဲ၊ သိပ်တော့ မသေချာပါဘူး"

ကိုကိုအောင့်သတင်းကို သူ ကြားသမျှ ပြောပြ၏။

ကျွန်မသည် မေမေနှင့် ကိုတို့ စကားပြောနေကြသည်ကို ဆက်၍ နားမထောင်ချင်ပေ။ ကို သောက်ရန် ဆေးလိပ်၊ မီးခြစ်နှင့် သွားထိုးတံကို စားပွဲပေါ်ချပေးပြီး အပေါ်ထပ်အိပ်ခန်းသို့ တက်လာခဲ့၏။

*

မေမေသည် သူ ထွက်သွားချိန်ကို ဘာကြောင့်များ အစဖော်လိုက်ပါလိမ့်။ သူသည် ကျွန်မအပါးမှ နှစ်ကြိမ်တိုင်တိုင် ခွဲခွာသွား၏။ ကျွန်မသည် အရှုးလိုပင် ပြတင်းဆီသို့ပြေးသွားကာ အပြင်သို့ကြည့်၏။ အပြင်တွင် မည်းမှောင်နေ၍ မိုးစိပ်စိပ်ရွာနေဟန် ရှိပေသည်။

ဤသို့ပင် မိုးရွာသောညတစ်ညဦး၀ယ် သူသည် ကျွန်မထံပါးမှ အပြီးအပိုင် ထွက်ခွာသွား၏။ သူ ထွက်သွားသည်မှာ နှစ်ကြိမ်ဖြစ်၍ ပထမအကြိမ်သည် နွေဦးဖြစ်၏။ ကိုကိုအောင်သည် မိတ်ဆွေတစ်

mgyoe.com

mgyoe.com


ယောက်နှင့် အတူလာ၍ ကျွန်မကို တွေ့သည်။ သူ့မိတ်ဆွေမှာ ကိုထွန်းမောင် ဆိုသူဖြစ်ပေသည်။ မေမေနှင့် ကိုထွန်းမောင် စကားပြောနေတုန်းပင်...

"ယု... ကိုကိုအောင်တို့ကို ကော်ဖီကျကျ ဖျော်တိုက်ဦး၊ လက်ဖက်လည်း သုပ်ပါဦးကွယ်" ဟုဆို၏။ ကျွန်မသည် လက်ဖက်သုပ်ရန် မီးဖိုဘက်သို့ ထွက်လာခဲ့၏။ ပန်းကန်ကို အဝတ်ဖြင့်သုတ်နေဆဲ သူနောက်မှ ရောက်လာ၏။

"ဟင်... ကိုကိုအောင် ဘာလိုချင်လို့လဲ ယု ယူလာခဲ့မယ်လေ"

သူသည် လက်ညှိုးလေးကို ပါးစပ်မှာ ထောင်ပြကာ ကျွန်မအနားသို့ ကပ်လာ၏။ ကျွန်မ၏လက်ဖျားများကို ဆွဲယူကာ သူ့ရင်ဘတ်တွင် ကပ်၍ ကျွန်မ၏နဖူးကို ညင်သာစွာ နမ်းလိုက်၏။ ကျွန်မသည် ဘာမျှ မပြောနိုင်၊ ရင်ထဲမှတုန်ကာ မျက်ရည်များ ဝိုင်းလာ၏။

"ကိုကိုအောင် ယုကို နှုတ်ဆက်မလို့ လာတာ"

"ဟင်... ကိုကိုအောင် ဘယ်သွားမလို့လဲ"

"သွားစရာရှိနေတယ် ယု၊ နောက်တော့ ယု သိမှာပဲ၊ လိမ်လိမ်မာမာနေနော်၊ ကိုကိုအောင် စကားအကြာကြီးပြောဖို့ အချိန်မရဘူး၊ သွားတော့မယ်"

ကျွန်မသည် သူ့ကိုစူးစိုက်ကြည့်ရင်း မျက်ရည်များ တွေတွေကျလာသည်။

"ဘာလို့ငိုလဲ မငိုနဲ့လေ၊ နောက်တော့လည်း ပြန်တွေ့ချင် တွေ့ကြရမှာပါ၊ ကဲ... သွားမယ်" သူသည် ကျွန်မလက်များကို တင်းကျပ်စွာဆုပ်၍ နမ်းကာ ထွက်သွားတော့သည်။ ကျွန်မသည် ငိုင်ကျန်ရစ်ခဲ့၏။ ငိုသည်ကို ရပ်၍မရသေး။ အိမ်ရှေ့ပြေးလိုက်ရကောင်းနိုးနိုး၊ လက်ဖက်ဆက်သုပ်ရကောင်းနိုးနိုးနှင့် ဘာလုပ်ရမှန်းမသိပေ။ နောက်မှ လက်ထဲမှ ပန်းကန်ကို ထားရစ်ကာ အိမ်ရှေ့ကို ပြေးထွက်လာ၏။

သူသည် သူ့အဖော်နှင့်အတူ ကားထဲကိုပင် ရောက်နေပေပြီ။ ကျွန်မသည် အိမ်ဝတွင်ရပ်ကာ သူ့ကို လက်ပြ၏။ အမှောင်ထဲတွင်

mgyoe.com

mgyoe.com


ကားနောက်မြီး မီးနီလေး ပျောက်သွားသည်အထိ ကျွန်မ ရပ်နေမိသည်။ "သူ သွားပြီ၊ ဘယ်ကိုများသွားပါလိမ့်"၊ "ဘယ်လောက်ကြာမည်လဲ" ဟူသော မေးခွန်းများကို ကျွန်မသည် တစ်ယောက်တည်း ကိုယ့်ကိုယ်ကိုယ် မေးနေမိသည်။

"ပြန်တွေ့ချင် တွေ့ကြရမှာပါ" ဆိုသောစကားမှာ ပြန်လည်တွေ့ဆုံချိန်၏ မသေချာပုံကို ဖော်ပြသွားခြင်းပင် ဖြစ်၏။

ကိုကိုအောင် ပြောခဲ့သလိုပင် ကျွန်မသည် စက်ရုပ်ကလေးလို အလုပ်လုပ်နေ၏။ ဖေဖေနှင့် မေမေကို ဝတ္တရားအတိုင်း ပြုစု၊ ပန်းခူး၊ ဘုရားရှိခိုး၊ စာကြည့်၏။ ကျန်အချိန်များတွင် ကိုကိုအောင်ကို လွမ်းရသည်။ အိပ်ခန်းခေါင်းရင်း ပြတင်းမှဖြစ်ဖြစ်၊ တစ်ဖက် မရန်းခြံထဲမှာဖြစ်ဖြစ် ဥဩတွန်သံ ကြားလျှင် ပြတင်းရှိရာသို့ ပြေး၍သွားရသည်။

ဤနွေဝယ် ဤဥဩသည် ဘာကြောင့်များ တွန်ရပါလိမ့်။ သူ့အသံသည် တွန်မြည်ဟစ်ကြွေး၍ တဖြည်းဖြည်း တိမ်ကာ ပျောက်ကွယ်သွားပြန်သည်။ တစ်ခြံလုံးတွင်လည်း ရွက်ဝါများ ကြွေလျော့၍ ရွက်သစ်များ ပြူထွက်လာကြ၏။ "ခုလိုအချိန်များ ကိုကိုအောင်နဲ့သာဆိုလျှင် ရွက်သစ်ရွက်ဖူးများ စီနေသော တောတန်းဘေးတွင် လမ်းလျှောက်၍ ပျော်လိုက်မည်ဖြစ်ခြင်း"

ကျွန်မသည် ဒါကိုပင် ထပ်ကာထပ်ကာ တွေးနေမိ၏။ အရွယ်ရောက်စ အချိန်၏ အရူးအမူးသဘောကို ကျွန်မ မတွေးမိပေ။ ကျွန်မသည် တကယ်ပင် ဤလောကဝယ် ဝင်ဆံ့နေသော မိန်းမကြီးတစ်ယောက်သဖွယ် ကျွန်မကိုယ်ကျွန်မ ထင်၏။

မတ်လ၏နောက်ပိုင်းတွင် ကိုကိုအောင် ဘာကြောင့်ထွက်သွားသည်ကို ကျွန်မ သိ၏။ ကိုကိုအောင်ထံမှ စာများလာသော်လည်း သူ ဘယ်မှာရှိသည်ကို မဖော်ပြပါ။ သူ့စာထဲတွင် သတိရကြောင်း ရိုးရိုးသာ ဖော်ပြ၏။ ပြန်စာကိုမူ ကိုထွန်းမောင်ထံမှတစ်ဆင့် ပေးရပေသည်။

ကဆုန်လပြည့်နေ့တွင်မူ ကိုကိုအောင့်မေမေသည် စိပ်ပုတီးကြီး လည်ပင်းဆွဲကာ ပေါက်လာ၏။ မေမေနှင့် သူ စကားပြောရာသို့ ကျွန်မ

mgyoe.com

mgyoe.com


သည် လက်ဖက်ပန်းကန် ချပေးရ၏။ သူတို့စကားဝိုင်းသို့ ဖေဖေ ပါဝင်လာ၏။

အဘွားကြီးသည် လက်ကိုင်ပဝါဖြူဖြူလေးကို မျက်လုံးတွင် တို့ကာ တို့ကာ မျက်ရည်များကို သုတ်နေပြန်သည်။ စကားလက်စ တစ်ဝက်မှာ နားထောင်ရသောကြောင့် သူတို့ ဘာပြောသည်ကို ကျွန်မ ပထမ နားမလည်ပေ။

"ဒါက တစ်မျိုးသားလုံးအတွက်ပဲ မသွယ်ရဲ့၊ စိတ်မဆင်းရဲပါနဲ့၊ ပြီးတော့လည်း စစ်တိုက်ရတိုင်း လူတွေဟာ မသေနိုင်ပါဘူး"

ဖေဖေက ပြောပြနေ၏။

"တခြားလူတွေမှာတော့ ကင်းခြေများလိုပဲ ကိုထွန်း၊ တစ်ချောင်း ကျိုးလို့လည်း အရေးမကြီးဘူး၊ ကျွန်မမှာတော့ ဒီသားတစ်ယောက်ပဲ၊ မတော်တဆများ ကတိမ်းကပါး ဖြစ်သွားမှဖြင့်..."

"အို... ဒီလိုမတွေးပါနဲ့၊ စိတ်ချမ်းသာတဲ့ဘက်ကတွေး"

မေမေက ဒေါ်သွယ်စကားကို ဝင်နှစ်သိမ့်လိုက်၏။

"ကိုကိုအောင်များ တော်လှန်ရေးတွင် မတော်တဆ ကျသွားမှဖြင့်"

လူကြီးများ စကားပြောသည်ကို နားထောင်ရင်း ထိုအတွေးက ကျွန်မစိတ်ထဲကို ဝင်လာသောအခါ ကျွန်မရင်ထဲတွင် ပူစပ်ပူလောင် ဖြစ်လာပြန်ပါသည်။

"ဒီတော်လှန်ရေး မသွားခင်ကတည်းက အိမ်နောက်ဘက် မရန်းခြံထဲမှာ လူငယ်တွေကို ကွန်မြူနစ်သင်တန်းပေးရတာကလည်း အမောပဲ မသိန်းသိန်းရေ"

အဘွားကြီးက ဆက်ပြောပြန်သည်။ ဒီတော့မှပင် ကိုကိုအောင် မလာတာကြာသောအခါတွင် "သင်တန်းပေးနေရလို့" ဟု ပြောသော စကားအဓိပ္ပာယ်ကို ကျွန်မ နားလည်တော့၏။

"ခေတ်တွေက ကျွန်တော်တို့ခေတ်နဲ့ မတူတော့ဘူး၊ အပြောင်းအလဲက တစ်နည်းမဖြစ် တစ်နည်းဖြစ်လာမှာပဲ၊ ဒီအပြောင်းအလဲဒဏ်ကို သူတို့လူငယ်တွေပဲ ခံရမှာပဲ"

mgyoe.com

mgyoe.com


ဖေဖေက ပြောပြန်၏။

"ကောင်းတာတွေပဲ ပြောင်းလဲမှာလား၊ မကောင်းတာတွေပဲ ပြောင်းလဲမှာလား၊ ဘုရားကယ်တော်မူပါ"

အဘွားကြီးက သူ့လက်ထဲမှ ပုတီးလေးကို ပွတ်ကာ ဆုတောင်းနေပြန်သည်။

သူတို့အပါးတွင် ကျွန်မ ကြာကြာမထိုင်ချင်ပေ။ အိပ်ခန်းဆီသို့ ထလာခဲ့၏။ ခုတင်ပေါ် ပစ်လှဲလိုက်ကာ စိတ်ထဲမှ အော်ပစ်ချင်သည်။

"အမေလွမ်းတာက တော်တော်ရယ်၊ ကျွန်မလွမ်းတာက ရှူးချင်တယ်" ဟုပင် ပြောလိုက်ချင်သည်။ ကျွန်မသည် အဘွားကြီး ပြန်သည်အထိ အိပ်ခန်းထဲမှ မထွက်တော့ပေ။

ညနေစောင်းတွင် ကိုထွန်းမောင် လာ၍တွေ့၏။ သူ့လက်ထဲတွင် ကိုကိုအောင့်ထံမှ စာပါလာသည်။ စာကိုကိုင်ရင်း ကျွန်မလက်များ တုန်ယင်၍နေပေသည်။ သူ့ရှေ့တွင်ပင် စာကို ဖောက်ဖတ်ချင်လာလေသည်။ မေမေနှင့် ဖေဖေမှာ ခြံထဲတွင် ရွက်ဟောင်းများကို မီးရှို့နေကြလေသည်။ ကျွန်မသည် ဣန္ဒြေဆောင်ကာ စာကို ကိုင်ထားရသော်လည်း ကိုထွန်းမောင်ကို မြန်မြန်ပြန်စေချင်ပါသည်။ ကိုထွန်းမောင်ရုပ်ကို ကြည့်ရသည်မှာ တစ်စုံတစ်ခု ပြောလိုဟန်ရှိ၏။

"ကျွန်တော် သတိပေးစရာတစ်ခုရှိလို့ လာတာ"

"ဘာလဲဟင်"

ကျွန်မသည် အံ့သြစွာ သူ့ကို ကြည့်မေးမိ၏။

"ကျွန်တော်တို့လုပ်ငန်းတွေ မခင်ယု သိသင့်သလောက် သိတာပဲ၊ အဲဒါ သတိပေးချင်လို့"

စကားသံကသာ ပျော့နေသည်။ သူ့မျက်နှာထားက တင်းမာပုံရ၏။

"အဲဒီတော့"

"ဒီလုပ်ငန်းတွေအပေါ်မှာ မခင်ယု သစ္စာရှိစေချင်တယ်၊ တကယ်လို့များ ကျွန်တော်တို့ပါတီအပေါ် သစ္စာဖောက်ခဲ့ရင်တော့ အသက်ပါ

mgyoe.com

mgyoe.com


ဆုံးရှုံးရမယ်ဆိုတာကို သတိပြုစေချင်တယ်"

"ဘာ"

ကျွန်မသည် ပထမသော် ထိုစကားအဓိပ္ပာယ်ကို နားမလည်၍ ကြောင်နေ၏။ နောက်မှ အသားများ ဆတ်ဆတ်တုန်ကာ ဒေါသထွက်လာလေသည်။

"ဘာပြောတယ်၊ ကျွန်မက ရှင်တို့ပါတီကို သစ္စာဖောက်ရမယ်"

"ဖောက်ခဲ့ရင် ပြောတာပါ"

"ဖောက်ရအောင် ကျွန်မက ရှင်တို့ပါတီဝင်လား၊ ပြီးတော့ ခုတော်လှန်ရေးလုပ်တာ ကွန်မြူနစ်တစ်ပါတီတည်းက လုပ်တာလား၊ တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ တော်လှန်ရေးကို မြန်မာအမျိုးသားတစ်ယောက်အနေနဲ့ ကျွန်မက သစ္စာဖောက်ရမတဲ့လား"

ကျွန်မသည် စိတ်လည်း မြန်သူဖြစ်၍ အတော်ဒေါသထွက်သွား၏။

"ရှင် ဘာအဓိပ္ပာယ်နဲ့ ဒီစကားလာပြောတယ် ဆိုတာကို ကျွန်မ နားမလည်ဘူး"

ကျွန်မသည် ရိုင်းရိုင်းပျပျစကားများကို ပြောမည်လုပ်ပြီးမှ စိတ်ကို ထိန်းလိုက်ရ၏။ မနည်းပင် အသံကို ထိန်းလိုက်ကာ သူ့ကို ပြောပြ၏။

"ကျွန်မ ဒီတော်လှန်ရေးမှာ ကိုယ်ထိလက်ရောက်မပါပေမဲ့ သစ္စာရှိပါတယ်၊ ဘာလို့လဲဆိုတော့ ကိုကိုအောင်ဟာ ကျွန်မချစ်သူ သိရဲ့လား၊ နိုင်ငံရေးသဘောအရ ကျွန်မ ဘာမှနားလည်လို့ မဟုတ်ဘူး။ ဒါပေမဲ့ တိုင်းပြည်နဲ့ လူမျိုးကို ချစ်တဲ့နေရာမှာ တခြားလူတွေလည်း ရှင်တို့လို ချစ်ကြတာပဲ၊ ရှင်တို့ထက် မပိုရင်သာ နေမယ်၊ မလျော့ဘူးဆိုတာတော့ သတိပြုပါ"

သူသည် ကျွန်မကို ခပ်တင်းတင်းပင် ကြည့်၏။

"မခင်ယုတို့ လာတဲ့ဘဝက ဗျူရိုကရက်သမီးတွေဆိုတော့ မူမမှန်လို့ သတိပေးရတာ၊ ကျွန်တော်တို့ ပါတီဝင်တစ်ယောက်ရဲ့ အိမ်ထောင်

mgyoe.com

mgyoe.com


ရေးဟာလည်း မခင်ယုနဲ့မှ လာဖြစ်ရလို့ ကျွန်တော်တို့မှာ တာဝန်ရှိတာ ပဲ၊ ဒါပါပဲ၊ သွားပါဦးမယ်"

ကျွန်မသည် လောကွတ်စကားပင် ပြန်မပြောလိုက်ပေ။ အပျိုနုနု လူဆိုးကြီးတစ်ယောက်နှင့် အတွေ့ခံလိုက်ရသလို ဖြစ်သွား၏။ နိုင်ငံရေး နယ်မြေဝယ် ခြေမချရသေး။ ဘာမျှ အသိဉာဏ် မရှိသေးသော ကျွန်မ သည် ပထမဆုံးအကြိမ် အခြိမ်းအခြောက်ခံလိုက်ရခြင်းအတွက် စိတ်ထဲ မှာ နာနာကြည်းကြည်း ဖြစ်သွားမိပေသည်။ အံ့လည်း အံ့သြ၏။ သူ ဘာအဓိပ္ပာယ်နှင့် ပြောသည်ကို ယခုထက်တိုင် တွေး၍ မရသေးပေ။

ကျွန်မနှင့် ကိုကိုအောင် ချစ်ကြသည်ဆိုသည့်အကြောင်းကို ကျွန်မ ဘယ်သူ့ကိုမှ နှုတ်မှဖွင့်ဟ၍ မပြောခဲ့ဖူးပေ။ ယခုတစ်ကြိမ်တွင် ဒေါ်သ ဖြစ်ဖြစ်နှင့် ကိုထွန်းမောင်အား ဖွင့်ဟပြောလိုက်ခြင်းဖြစ်၏။

၁၉၄၅ ခု၊ ဆောင်းဦးပေါက်တွင် ကိုကိုအောင်နှင့် ပြန်၍တွေ့ရ ၏။ သူရော သူ့မေမေပါ ကျွန်မတို့အိမ်သို့ ရောက်လာကြ၏။ ကျွန်မ သည် လူကြီးတွေရှေ့မှာ ဟန်ဆောင်နေရသလောက် စိတ်ထဲကမူ ကိုကိုအောင့်ကို စကားအများကြီး ပြောချင်၏။ ပွတ်သီးပွတ်သပ်နှင့် ကလေးငယ်လို သူ့အပါးတွင် နေချင်၏။

သို့သော် ကျွန်မတို့သည် ပွင့်ပွင့်လင်းလင်း ဆက်ဆံခွင့်မရလိုက် ပေ။ ကိုကိုအောင် ပြန်ခါနီးတွင် ရင်ထဲဝယ် တစ်ဆို့ဆို့ ဖြစ်နေသည်။ ကိုကိုအောင်သည် ကားရှိရာသို့ အရင်သွားနှင့်၏။ သူ့မေမေမှာ မေမေ တို့နှင့် စကားပြောနေဆဲ ဖြစ်ပေသည်။

သူသည် ကားတံခါးကို ကိုင်ကာ ကျွန်မကို စောင့်နေပုံရသည်။ ကျွန်မ သူ့အပါးတွင်ရပ်လိုက်လျှင် သူသည် ခေါင်းကို လှမ်းပုတ်လိုက်၏။

"ယု သိပ်လွမ်းနေပြီလား"

တကယ် သူက စကားစ၍မေးတော့လည်း နှုတ်ခမ်းဖျားများသာ တုန်နေသည်။ ဘာမျှပြော၍မရပေ။ ကျွန်မရင်ထဲတွင် ခံစားရသမျှကို ကျွန်မမျက်လုံးများကသာ ဖော်ပြမိ၏။ ကျွန်မ နှုတ်ခမ်းများသည် ပြုံး ယောင်နေသော်လည်း ဝမ်းသာ ဝမ်းနည်း အရှိန်ကြောင့် မျက်ရည်များ

mgyoe.com

mgyoe.com


ဝေ့လည်နေပေသည်။

"နောက်နေ့တွေကျရင် လမ်းလျှောက်ရအောင် ကိုကိုအောင် လာခဲ့မယ်၊ ဒါပေမဲ့ ဟိုတုန်းကလို နေ့တိုင်းတော့ ဖြစ်နိုင်မယ် မထင်ဘူး"

"ဟုတ်ကဲ့"

"ယု... အခု ဘာလုပ်မယ် စီစဉ်ထားလဲ"

"မေမေက စာမေးပွဲဖြေခိုင်းလို့ စာသင်နေတယ်"

"မေမေကလည်း ကိုကိုအောင်ကို ကောလိပ် ပြန်ဖွင့်ရင် ပြန်နေရမတဲ့၊ လူကြီးတွေကလည်း ဒါကိုပဲ အခွင့်အရေးကြီးတစ်ခုလို စောင့်နေတာပဲနော်၊ တိုင်းပြည်မှာဖြင့် ဆက်လုပ်စရာတွေ တစ်ပုံကြီးပဲ"

"ဆက်လုပ်စရာတွေ"

ကျွန်မသည် အံ့ဩမေးလိုက်မိပြန်သည်။

"ဘယ်လောက်ကြာအောင် ဘာတွေများ ဆက်လုပ်ကြဦးမှာလဲ"

ကျွန်မသည် နယ်ကျဉ်းလွန်းသော ဦးနှောက်အတွင်းဝယ် သူ့စကားများမှာ စိတ်မောစရာလို ဖြစ်နေတော့၏။

မကြာခင် သူ့မေမေ ဆင်းလာကာ ပြန်သွားကြတော့သည်။

*

တိုင်းပြည်အခြေအနေမှာ အသားကျပြီ မဆိုသာသော်လည်း ကျောင်းများ ပြန်လည်၍ ဖွင့်လှစ်ပြီးလေပြီ။ ကျွန်မသည် တက္ကသိုလ် စာမေးပွဲကို ဝင်ဖြေပြီးဖြစ်သည်။

နောင်နှစ်တွင်မူ ကိုကိုအောင်သည် ဝိဇ္ဇာအောက်တန်းတွင် စာသင်ခွင့်ရလေသည်။ ကျွန်မသည်လည်း တက္ကသိုလ်တွင် ကျောင်းသူသစ်ကြီး ဖြစ်၍နေပေသည်။ သို့သော် ဝတ္ထုများထဲတွင် ဖတ်ရသလို ကျွန်မနှင့် ကိုကိုအောင် တက္ကသိုလ်တွင်နေရသော အချိန်မှာ ပျော်စရာမကောင်းပေ။

လစ်လပ်နေသော စာသင်ခန်းများထဲတွင် စာအုပ်လေးများ ရှေ့ချကာ စကားပြောနေကြသည့် စုံတွဲများကိုမြင်လျှင် ကျွန်မရင်ထဲတွင် ဖိုကာ ငိုချင်သည်။

mgyoe.com

mgyoe.com


တစ်ယောက်မလာသေးလျှင် တစ်ယောက်က စကြံထောင့်တွင် စောင့်၍ အပြေးလေးတွေ့ကြသည်မှာ ကြည်နူးစဖွယ် ကောင်းလှသည်ဟု ကျွန်မ ထင်၏။ ကျွန်မအတွက်မှာမူ အိမ်က ကားနှင့် လာခဲ့၏။ အင်းစိန်တွင် အဖော် မမြခင်ကိုဝင်ကြိုကာ ကျောင်းသင်တန်းကို တန်းဝင်ရသည်။ အားလပ်ချိန်တွင် ကိုကိုအောင်ကို တွေ့ချင်၍လည်း မတွေ့ရပေ။ တွေ့ပြန်လျှင်လည်း ပါမောက္ခကြီးလား အောက်မေ့ရအောင်ပင် ခပ်တည်တည်လျှောက်ကာ အဝေးမှ ပြုံးပြသွားလျှင် ကျွန်မ ပြေး၍ ထုချင်ပေသည်။

သူ ကျောင်းအဆောင်သို့ ပြောင်းလာ၍ ညနေတိုင်လျှင်လည်း ကြို့ကုန်းအိမ်သို့ မလာအားပေ။ ကျွန်မသည် စိတ်ထဲမှ မကျေနပ်တိုင်း စာကြိုးစားဖတ်ကာ စာကြိုးစားရေး၏။ ကျွန်မ ရေးချင်တာတွေ ရေးရင်း ကျွန်မစာများကို မဂ္ဂဇင်းများထဲတွင် ထည့်၍ထည့်၍ ကြည့်၏။

ကိုကိုအောင်ထံ ရေးသောစာများတွင်လည်း မတွေ့ရတိုင်း ရန်တွေ့ထား၏။ ယခုတော့ ကျွန်မ၏အဖော်များသည် စာပေ၊ ပန်းနှင့် သစ်ပင်များသာတည်း။

သူငယ်ချင်းများ၏ အဆောင်သို့လည်း မလိုက်၊ ရောရောနှောနှော မနေ၊ ကျွန်မဘာသာ သီးသန့်နေလွန်း၍ ကျွန်မကို သူတို့ကပင် ခွင့်လွှတ်ထားကြသည်။ ကျွန်မသည် အတန်းလွတ်ခုံတစ်ထောင့်ထောင့်ရှိ ပြတင်းအနားတွင် တစ်ယောက်တည်းပင် ငိုင်နေတတ်တော့သည်။

မမြခင်နှင့် ကျောင်းမှာလည်း တွဲ၍မရပေ။ ကျွန်မခင်သော မူမူပင် ယခုအခါ ကျွန်မကို မတွဲချင်ပေ။ သဘောကွဲလွဲကြ၍ မတွဲခြင်းမဟုတ်။ သူသည် ကျွန်မလိုပင် တစ်ယောက်တည်းသမီး၊ တစ်ဦးတည်းကြီးပြင်းလာရသူဖြစ်၏။ ကျောင်းတွင် ကျွန်မကို ခင်ရှာသည်။ အတန်းပြောင်းချိန်ပင်လျှင် စောင့်ခေါ်၍ အတူသွားပေသည်။

သူတစ်ယောက်တည်း မုန့်စားပင် မသွားခဲ့ပေ။ "မူတစ်ယောက်တည်း သွားရမှာကြောက်တယ် ယုရယ်..." ဟု ဆိုတတ်၏။

အောက်တိုဘာ ကျောင်းပြန်အဖွင့်တွင်မူ မူမူသည် ကျွန်မကို

mgyoe.com

mgyoe.com


မစောင့်တော့ပေ။ အတန်းအပြင်ဝယ် သူ့အဖော်သည် သူ့ကို စောင့်နေပေပြီ။ ကျွန်မ အမည်မသိသော ညိုချောကျောင်းသားတစ်ယောက် ဖြစ်၏။ ယခုတော့ မူမူသည် တစ်ယောက်တည်း သွားရမှာ ကြောက်သည်ဟု မဆိုတော့ပေ။ သူ့တွင် အဖော်ရ၍နေပေပြီ။ သူ့ကံနှင့် သူ့အကြောင်းကောင်းလှသည်ဟုသာ ကျွန်မ စိတ်ဖြေလိုက်ပါသည်။

ထိုအချိန်က တက္ကသိုလ်ကျောင်းမြေဝယ် ဖဆပလနှင့် ကွန်မြူနစ်တို့ ခြေကုပ်ပြိုင်နေကြချိန် ဖြစ်ပေသည်။ ကျွန်မသည် ကျောင်းပိတ်ခါနီးတွင် လူထူးလူဆန်းတစ်ယောက်ကို တွေ့ခဲ့၏။ သူ့ကို နှစ်ယောက်ချင်းတွေ့သည် မဟုတ်ပေ။ ပထမဆုံးတွေ့သည့်နေ့က သူသည် ကျောင်းရုံးရှေ့ရှိ သစ်ပင်ကြီးအောက်တွင် ကျောင်းသားများကို တရားဟောနေသည်။ သူဟောပုံမှာ ထူးဆန်း၍ ကျွန်မပါ ဝင်နားထောင်နေ၏။ ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းသား မများလှပေ။ ကျွန်မပင်လျှင် အိမ်က လာကြိုသောကားကို စောင့်ရင်း နားထောင်နေမိ၏။

"ကျုပ်နောက်ကိုလည်း ဘယ်သူမှ လိုက်ဖို့မလိုဘူး။ ကျုပ်က တစ်ယောက်တည်း၊ လူထုအကျိုးအတွက် အဆင်းရဲ အနစ်နာခံလုပ်တယ်ဆိုတဲ့ ကွန်မြူနစ်တွေ ကျုပ်လို တဲပုတ်နဲ့ နေနိုင်ရဲ့လား။ မယုံရင် လာကြည့်လှည့်။ ကမာရွတ်ထဲမှာ ကျုပ်တဲတစ်လုံးနဲ့ တစ်ယောက်တည်းနေတာ။ ကျုပ်က ကွန်မြူနစ်တွေကို တစ်ယောက်တည်း တိုက်နေတာ။ တခြားလူတွေလို နောက်က အစည်းအရုံး ကျောထောက်နောက်ခံတွေက မြှောက်ပေးလို့လို့ မထင်လေနဲ့။ သူမျှားခိုင်းရင် ကျုပ်က ဘာမှမလုပ်ချင်ဘူး။ ကျောင်းကထွက်ရင် ရာထူးကြီးကြီးရအောင်လို့ ကွန်မြူနစ် အမုန်းတရားကို ကျုပ် ဟောနေတာမဟုတ်ဘူး။ တော်လှန်ရေးတစ်ခေတ်လုံး ကျုပ် ခံစားခဲ့ရတဲ့ ပါတီသဘောတရား စိတ်ကျဉ်းကျပ်မှုတွေ မခံနိုင်လို့ ကျုပ်ပြောတာပဲ။ ခင်ဗျားတို့အပေါ် ဒီအန္တရာယ်ကြီး အရိပ်မိုးလာပြီ။ ကျုပ်က ကွန်မြူနစ်ပါတီတင် မဟုတ်ဘူး၊ ဘယ်ပါတီဖြစ်ဖြစ် ကျုပ်အတွေးအခေါ်ကို နယ်ကျဉ်းအောင်လုပ်ရင် သူတို့တက်ဖို့အတွက် လူထုကို စက်ကိရိယာလို အသုံးချရင် ကျုပ်တိုက်မှာပဲ။ ကျုပ်ရေးတဲ့စာအုပ်

mgyoe.com

mgyoe.com


မှာ ကျုပ်သဘောတရားတွေ ပါပါတယ်"

သူသည် လက်ထဲမှစာအုပ်ကို မြှောက်ပြ၏။ သူ့စာအုပ်၏အမည်မှာ "ကျုပ် ကွန်မြူနစ် ဘာကြောင့်မဖြစ်သလဲ" ဟူသော အမည်ခပ်ကြမ်းကြမ်းပင် ဖြစ်၏။ ကျောင်းသားတော်တော်များများပင် သူ့စာအုပ်ကို ကိုင်ထားသော်လည်း ကျွန်မမှာမူ စာအုပ်မရပေ။ အိမ်က ကားလာကြို၍ သူ့တရားကို ဆုံးအောင် နားမထောင်နိုင်ဘဲ ပြန်ခဲ့ရ၏။

သူသည် လူငယ်တစ်ယောက်ပင် ဖြစ်ကာ အသားညိုညို၊ နဖူးကျယ်ကျယ်နှင့် သနားကမား ရှိပေသည်။ အရပ်အမောင်းမှာ ကြွခိုင်၍ စကားပြောသံ မာလှ၏။

နောက်နေ့အားချိန်တွင် ယခု အင်္ဂလိပ်စာဌာနနှင့်ကပ်လျက် အခန်းလွတ်တွင် ကျွန်မတစ်ယောက်တည်း ထိုင်နေ၏။ မနေ့က တရားဟောသူမှာ ဘယ်အချိန်က ပေါ်လာသည်မသိ၊ ကျွန်မအပါးတွင် ရောက်လာလေသည်။ ကျွန်မမှာ ရုတ်တရက် အံ့အားသင့်သွား၏။

"မလန့်ပါနဲ့ဗျာ… ခင်ဗျားကလည်း တစ်ယောက်တည်း၊ ကျွန်တော်ကလည်း တစ်ယောက်တည်းပဲ၊ မနေ့က ကျွန်တော်ရေးတဲ့စာအုပ်ဝေချင်လို့၊ ရော့ရော့ ယူထား"

သူသည် စာအုပ်ကို ရှေ့တွင်ချခဲ့ကာ ထွက်သွားတော့၏။ ကျွန်မသည် ကြောင်တောင်တောင်နှင့် ကျန်ရစ်တော့သည်။ သူ့စာအုပ်ကို အသေအချာ မဖတ်မိ။ နောက်ဆုံးစာရွက်တွင်မူ…

"ဖြစ်လေရာဘဝ၊ လူရင့်မကြီး ဖြစ်ပါလျက် နဖားကြိုးအထိုးခံရသောဘဝတွင် မဖြစ်ရပါစေသတည်း" ဟု ဆုတောင်းနှင့် စာအုပ်ကို အဆုံးသတ်ထားပေသည်။

နောက်နေ့များတွင် သင်တန်းများကူးတိုင်းလိုလို သူနှင့် ခဏခဏဆုံ၏။ သူက ပြုံး၍ပြသွားတိုင်း ကျွန်မကလည်း ပြုံးပြမိ၏။

စာသင်ခန်းအလွတ်တစ်ခုခုတွင် ထိုင်ကာ စာရေးနေလျှင်လည်း တစ်ခါတလေ သူ ရောက်လာတတ်၏။ သူငယ်ချင်းများက ကျွန်မနှင့် သူ စကားပြောနေသည်ကို မြင်လျှင် ပြုံး၍သွားကြသည်။ သူက ထွေထွေ

mgyoe.com

mgyoe.com


ထူးထူး ပြောလှသည် မဟုတ်ပေ။ သူ့စကားထဲတွင်မူ တစ်ခါတစ်ခါ အဝိုင်းကြီးထောင့် (ယခင်က အကြော်ဆိုင်များရှိသည်) ဓမ္မာရုံရှေ့ဘက်ရှိ ချင်းသုပ်သည်လေး လှကြောင်း၊ သူ့ချင်းသုပ်မှာ စား၍ကောင်းကြောင်း ပြောပြတတ်လေသည်။ ကျွန်မသည် နားသာထောင်နေရသော်လည်း သူ့စကားကို ရယ်ချင်မိ၏။ စိတ်နှလုံးမှာမူ ရိုးသားပုံရပေသည်။

သူ့နာမည်မှာ ကိုမိုးသူဖြစ်ကြောင်း၊ သူသည် ပန်းချီဆွဲ ဝါသနာပါကြောင်းကိုလည်း ပြောပြ၏။

"အခုတော့ ချင်းသုပ်သည်လေး ပုံတူကို ကျွန်တော် ဆွဲနေတယ်၊ ပြီးရင် ခင်ဗျားပုံတူဆွဲမယ်၊ ခင်ဗျား ခွင့်ပြုမလား၊ ကောလိပ်ကျောင်းသူတွေထဲမတော့ ခင်ဗျားက မလှပေမဲ့ ခင်ဗျားကို ကျွန်တော် တော်တော်ခင်ပါတယ်"

ကျွန်မသည် သူ့ပြောဟန်ကို ရယ်မောနေမိ၏။

"ချင်းသုပ်သည်လေးပုံ ပြီးတော့ပြောတာပေါ့" ဟု ပြောရလေသည်။ သူ ထွက်သွားလျှင် အချိန်နှစ်ချိန်လုံး လိုနေသေး၍ ဘွဲ့နှင်းသဘင်ခန်းမနောက်ဘက်သို့ ကျွန်မ ထွက်လာခဲ့၏။ ကတ္တရာစေးလမ်းကို ကျော်ကာ အင်းလျားကန် ရေစပ်သို့ လျှောက်လာခဲ့သည်။

မိုးမကုန်သေး၍ ကျွန်မနင်းလာသော မြက်ခင်းများမှာ မြရည်နှင့်လိမ်းကျံလျက်ရှိပေသည်။ ကောင်းကင်သည်လည်း မှုန်မှိုင်း၍ ကန်ရေပြင်သည် စိမ်းညို့ညို့အရောင် ယှက်သန်းနေ၏။ ရေဂယက်များသည် ပင်ပန်းနွမ်းဟိုက်ဟန်ဖြင့် ကမ်းသို့ ကပ်လာကြ၏။

ကျွန်မစိတ်က နွမ်းနယ်၍လားမသိပေ။ ရေဂယက်၏ အရှိန်ပင် မြူးကြွသည်ဟု မမြင်ပေ။

တစ်ကျောင်းတည်းနေပါလျက် နှစ်ယောက်တွေ့ချိန် ကြုံတောင့်ကြုံခဲရသည်ကို စိတ်က မချင့်မရဲဖြစ်နေပေသည်။ ကိုကိုအောင် စိတ်ပေါက်သည် ဆိုရအောင်ကလည်း ဘယ်သူနှင့်မျှ တွဲသည်ဟူ၍ သတင်းစကားကလည်း မကြားရပေ။

အဝေးကမြင်၍ အဝေးက ပြုံးလိုက်ရသည်။ အနီးတွေ့ပြန်တော့

mgyoe.com

mgyoe.com


လည်း စကားမှ ဝအောင်မပြောရခင် သူက ထွက်၍သွားပြန်သည်။ ကျွန်မစိတ်ထဲတွင် သူ့ဟန်အမူအရာကို ဝေခွဲ၍မရပေ။ မိုးကျပြီဆိုလျှင် မြသစ်ရွက်တို့သော်မှ အစိမ်းကြီး စိမ်းကြပါသော်လည်း ငွေဝတ်လွှာ ပန်းမာလာကို ပွင့်ကြပေသေးသည်။ ယခုသော် နှစ်ယောက်ကြားရှိ သွင်သွင်စိမ်းသော လွင်ပြင်ဝယ် ဘယ်ချစ်မေတ္တာပွင့်ဖြူကိုမျှ ရေးရေး မမြင်ရပါတကား။

"ဟေး... ကောင်မလေး"

နောက်မှအသံကြားလျှင် ကျွန်မတစ်ကိုယ်လုံး တုန်သွားတော့သည်။ ထိုအသံမှာ ကိုကိုအောင့်အသံ ဖြစ်သည်ကို ကျွန်မ သိ၏။ ကျွန်မသည် လှည့်၍ မကြည့်မိ။ မျက်ရည်ပေါက်များသာ တပေါက်ပေါက် ကျလာကာ မျက်နှာ အတင်းငုံ့ထား၏။

"ယု..."

သူသည် ထုံးစံအတိုင်း ခေါင်းကိုပုတ်ကာ အနားတွင် လာထိုင်၏။

"ယု ဘာလို့ငိုလဲ ဟင်... တိတ်စမ်း..."

သူသည် ကျွန်မမျက်နှာကို ဆွဲ၍မော့လိုက်၏။ မျက်ရည်ကြောင်းများသည် ကျွန်မပါးပေါ်တွင် အသွယ်သွယ်ကျနေသည်။ သူ့လက်ထဲမှ လက်ကိုင်ပဝါနှင့်တို့ကာ သုတ်ပေးပြန်တော့လည်း ကျွန်မစိတ်ထဲတွင် နှစ်သိမ့်သလို ဖြစ်သွားမိသည်။

"ဝမ်းနည်းတတ်လိုက်တာလည်း အလွန်ပဲကို..."

သူက ချော့သလို ပြော၏။

"ဝမ်းနည်းတာပေါ့၊ ယု အမြဲပဲ တစ်ယောက်တည်းနေရတာ၊ ကြာတော့ စိတ်ညစ်လာတယ်၊ ကျောင်းမှာ တွေ့ချိန်လေးတောင် ကိုကိုအောင်က ယုကို ဟဟ စကားမပြောချင်ဘူး၊ ဖြစ်နေလိုက်တာ၊ ဒီလို တန်းတန်းနေချင်ရင် ဘာလို့ စောစောက ယုကို စ,သေးလဲ"

ကျွန်မသည် ဝမ်းနည်းပန်းနည်းနှင့် ကလေးလို ပြောနေမိ၏။ သူသည် ပြုံးရယ်လိုက်ကာ ကျွန်မပခုံးကို ဖျစ်လိုက်သည်။

mgyoe.com

mgyoe.com


"ကိုကိုအောင် တောင်းပန်ပါတယ် ယုရယ်၊ ယုကိုလည်း သိပ်သနားတာပဲ၊ ကိုကိုအောင်က အလုပ်များလို့ပါ၊ မေမေ စိတ်ကျေနပ်အောင် စာလည်း ကြိုးစားရတယ်၊ ပါတီကိစ္စကိုလည်း ကျောင်းမှာရော၊ ပါတီကိုရော သွားလုပ်ပေးရတယ်၊ ဒါကြောင့် ယုနဲ့ မတွေ့နိုင်တာ၊ ကိုကိုအောင့်ရင်ထဲက ယုကို ချစ်နေရင် ပြီးတာပဲမဟုတ်လား"

"အဲဒီလိုပြီးရင် ဟိုတုန်းက လမ်းလျှောက်ချိန်ရောက်ရင် ဘာလို့လက်တွဲလျှောက်ရလဲ။ ယုနဖူးကို ဘာလို့မွှေးသလဲ"

သူသည် ကျွန်မမေးခွန်းကို နားထောင်ရင်း ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

"ဒါနဲ့ ယု စာရေးနေတယ်ဆို"

စကားကို ပြောင်း၍ မေးလိုက်၏။

"ဒီလိုပဲပေါ့၊ စာအုပ်နဲ့ ပန်းအပြင် ယုရဲ့ဘဝမှာ ဘာရှိတော့လို့လဲ၊ သူငယ်ချင်းတွေနဲ့လည်း မတွေ့ချင်တော့ဘူး"

"စာရေးဆရာမကြီးကလည်း ကိုကိုအောင်နဲ့ တွေ့တော့ ကလေးလိုပဲ"

"အို... စာရေးဆရာမကြီးလည်းမဟုတ်ဘူး၊ အသေးလည်းမဟုတ်ဘူး၊ ရင်ထဲမှာ ရေးချင်ရင် ရေးတာပဲ၊ အယ်ဒီတာက ထည့်ချင်လည်းထည့်၊ မထည့်ချင်လည်းနေ၊ စိတ်ထဲမှာ မနေနိုင်လို့ကို ရေးတာ၊ စာရေးတဲ့လူဆိုတာ တခြားလူတွေလို အသွေးနဲ့ အသားနဲ့ပဲ၊ သူလည်း ငိုတတ်၊ ရယ်တတ်တာပဲ"

ကျွန်မက ခပ်ဆောင့်ဆောင့်ကလေး ပြန်ပြောလိုက်၏။

"ကိုကိုအောင်လည်း အသွေးနဲ့ အသားနဲ့ပဲ ငိုတတ်၊ ရယ်တတ်တာပဲ"

သူက ပြုံးစိစိနှင့် ကျွန်မ ပြောသလို လိုက်ပြော၏။

"ကိုကိုအောင် အလကားပါ၊ အသွေးအသားနဲ့မှန်ရင် ကိုကိုအောင် လွမ်းတတ်ရမှာပေါ့"

"လွမ်းတတ်တာပေါ့၊ လွမ်းရုံတင်မက စိုးရိမ်လို့ ခုလိုက်လာတာ၊

mgyoe.com

mgyoe.com


ခုန ယုနဲ့ ကိုမိုးသူ အခန်းထဲစကားပြောနေတုန်း ကိုကိုအောင် အပြင်က ဖြတ်လျှောက်သွားတယ်၊ ဒီတော့လည်း စိတ်ထဲက တစ်မျိုးကြီးဖြစ်လို့ ခုလိုက်လာတာ"

"တတ်တယ်၊ ဒါမျိုးကျတော့ သိပ်တတ်လိုက်တာ၊ ယုက ရိုးရိုးဆက်ဆံတာပါ၊ ဝေးသေးတယ်၊ တစ်ယောက်ဆို တစ်ယောက်ပဲ"

"သူက ကွန်မြူနစ်ဆန့်ကျင်ရေးတရားတွေ ယုကို ဟောပါလိမ့်မယ်"

"သူ့အယူအဆ သူပြောပစေပေါ့"

"ယုကိုလည်း စာအုပ်တွေ ပေးရဦးမယ်"

"ကွန်မြူနစ်ဝါဒအကြောင်းတွေလား"

သူက ခေါင်းညိတ်ပြ၏။ ကျွန်မသည် ချက်ချင်းပင် ကိုထွန်းမောင်မျက်နှာကို သွားမြင်လိုက်၏။

"ဒါနဲ့ ကိုကိုအောင် တော်လှန်ရေးသွားနေတုန်းက ကိုထွန်းမောင် ယုဆီ လာတယ်"

"အင်း... ဆိုပါဦး"

ကျွန်မသည် ကိုထွန်းမောင်ပြောသမျှ ကိုကိုအောင်ကို ပြောပြ၏။ သူသည် တအံ့တသြ ဖြစ်သွားပုံရလေသည်။

"ဖြစ်မှဖြစ်ရလေ၊ သူ ဘာလို့ ယုကို ဒီလိုပြောပါလိမ့်"

သူ့မျက်နှာတွင် တကယ်ပင် စိတ်မကောင်းဖြစ်သွားပုံ ရလေသည်။

"အေးလေ... သူ့တစ်ယောက်အတွက်နဲ့တော့ ကိုကိုအောင်တို့ ပါတီအပေါ် စိတ်မပျက်ပါနဲ့၊ ကိုကိုအောင့်စိတ်ထဲမှာတော့ စာမေးပွဲ ဖြေပြီးရင် ယုနဲ့ လက်ထပ်ဖို့ စိတ်ကူးထားတာပဲ"

"ကိုကိုအောင် ယုကို လက်ထပ်မယ်"

ကျွန်မက လန့်သလို အော်မေးလိုက်၏။

"ဩော်... ဖြစ်ရလေခြင်း ယုရယ်၊ ကိုကိုအောင်က လက်ထပ်ချင်လို့ ယုကို ချစ်ခဲ့တာပေါ့၊ ကိုကိုအောင်နဲ့ ယု အသက် အများကြီးကွာတယ်၊ ဒါပေမဲ့ ယု အရွယ်ရောက်စကတည်းက ကိုကိုအောင် ချစ်

mgyoe.com

လာခဲ့တာ၊ ယုကို ကြည့်ရတာက ကိုကိုအောင့်ကို မယုံသလိုဘဲ"

"နောက်ပိုင်းမှာ ကိုကိုအောင်ရဲ့အမူရာက စိမ်းလွန်းတော့ ယုစိတ်ထဲမှာ ယုံကြည်စိတ်တွေ လျော့လာတာပေါ့"

"နှစ်ယောက်လုံး လက်ထပ်ဖို့ အဆင်ပြေသွားအောင် ကိုကိုအောင်တို့ ပါတီထဲ ယု ဝင်လိုက်ပါလား"

"ဘယ်လို... ပါတီထဲမဝင်ဘဲနဲ့ ယုက ကိုကိုအောင့်ကို လက်မထပ်နိုင်ဘူးပေါ့"

"ဒီလိုတော့လည်း မဟုတ်ဘူးပေါ့လေ၊ ပိုအဆင်ပြေသွားတာပေါ့"

ကျွန်မသည် တဖြည်းဖြည်းသတိရ၏။ ကွန်မြူနစ်ပါတီဝင်တစ်ယောက်သည် လက်ထပ်လိုလျှင် သူ လက်ထပ်ရေးကိစ္စကို ပါတီသို့တင်ပြရသည်ဟူသော ကျွန်မ ဖတ်ဖူးသမျှ စာများကို သတိပြန်ရ၏။

စိတ်ထဲတွင်တော့ အသက်ရှူရ နည်းနည်းကျပ်သွားမိသည်။

"ယု ကလပ်စ်တက်စရာ ရှိသေးလား"

ကျွန်မသည် နာရီကို ကြည့်လိုက်၏။ မြန်မာစာတက်ရန် အချိန်မှာ ၁၅ မိနစ်သာ လိုတော့သည်။

"ယု သွားဦးမယ် ကိုကိုအောင်"

ကျွန်မ မတ်တတ်ရပ်လိုက်သည်အထိ သူ့လက်နှစ်ဖက်သည် ကျွန်မပခုံးပေါ်တွင် ကပ်လျက်ပင် ရှိပေသေး၏။ သူသည် ဟိုတုန်းကလို ရီနေသော မျက်လုံးများဖြင့် ကျွန်မကို စိုက်ကြည့်နေ၏။

"ကောင်မလေးတစ်ယောက် ငိုငိုပြီးမနေနဲ့နော်၊ ကဲ... သွားတော့၊ ဒီလိုပဲ တစ်ခါတစ်ခါ တွေ့တာပေါ့"

သူ့လက်ညှိုးနှင့် ကျွန်မ၏ နဖူးကို တို့၍လွှတ်လိုက်သည်။ ကျွန်မစိတ်ထဲတွင် ဝမ်းသာတစ်ဝက်၊ ဝမ်းနည်းတစ်ဝက်နှင့် အတန်းရှိရာသို့ပြန်လာခဲ့၏။

ညနေ အိမ်ပြန်သည်အထိ ကိုကိုအောင်နှင့် တွေ့ခဲ့ချိန်ကိုသာ သတိရနေသည်။ ရီနေသော မျက်လုံးများသည် အမြဲ ကျွန်မသွားရာသို့ လိုက်ကြည့်နေသလို ထင်နေတော့သည်။ ကြိုးကြားကြိုးကြား အတွေးထဲ

mgyoe.com

mgyoe.com


မှာမူ ကွန်မြူနစ်ပါတီထဲသို့ ဝင်သင့် မဝင်သင့်ကိစ္စက ပေါ်၍လာလေသည်။

ထမင်းစားချိန်တွင်လည်း ထိုအကြောင်းကို သတိရနေသည်။ ထမင်းဝိုင်းတွင် ဖေဖေက စားပွဲထိပ်မှာထိုင်၍ ဖေဖေ့ညာဘက်တွင် မေမေက စားကာ ဖေဖေ့ဘယ်ဘက်တွင် ကျွန်မက စားလေ့ရှိသည်။

ဖေဖေနှင့် မေမေက ဟင်းချိုအကြောင်း ပြောနေချိန်တွင် ကျွန်မသည် သူတို့စကားကို ဖြတ်လိုက်၏။

"ဖေဖေ သမီး ကွန်မြူနစ်ပါတီထဲ ဝင်ရမလား"

ဖေဖေသည် ထမင်းလုတ်ကို ဝါးရင်း ကျွန်မကို ပြုံး၍ကြည့်၏။ ကျွန်မမေးခွန်းမှာ ဖေဖေ့ကို ဘယ်လိုမျှ မလှုပ်ရှားပေ။ မေမေကမူ နည်းနည်း ထူးဆန်းဟန်နှင့် ကျွန်မမျက်နှာကို စိုက်ကြည့်နေ၏။

"ဆိုစမ်းပါဦး၊ သမီးက ဝင်ချင်လို့လား"

ဖေဖေက ပြန်မေး၏။

"သမီး ဝင်ရကောင်းမလားလို့ စဉ်းစားနေတာပါ"

"ခု သမီးအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခုနစ်နှစ်"

"ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်နော်၊ သမီး အရွယ်မှ မရောက်သေးဘဲ၊ မြန်မာပြည်မှာက လူတစ်ယောက်ဟာ အသက် ၁၈ နှစ်ပြည့်မှ အရွယ်ရောက်တယ်လို့ သတ်မှတ်ထားတယ်၊ ဒီ ၁၈ နှစ်ရောက်မှ ကိုယ်ပိုင်အတွေးနဲ့ ချင့်ချိန်တတ်တယ်လို့ ဆိုချင်တာပေါ့လေ"

ကျွန်မသည် ဖေဖေ့အဖြေကို အံ့သြသွား၏။

"ဒီတော့ သမီး ၁၈ နှစ်ပြည့်တဲ့အခါ စဉ်းစားပြီး သမီးစိတ်ထဲ ကြိုက်နှစ်သက်တယ်ဆို လုပ်ပေါ့"

ဖေဖေ ပြုံး၍ပြောလိုက်ပုံမှာ ကျွန်မအသည်းကို စူးစိုက်သွားသလို ထင်မိပေသည်။ ကျွန်မသည် ခေါင်းငုံ့နေမိ၏။

"သမီးအနေနဲ့ရော ကွန်မြူနစ်ပါတီအကြောင်း ဘာတွေသိပြီးပြီလဲ"

mgyoe.com

mgyoe.com


မေမေက ငါးပိရည်ဖျော်ကို ခတ်လိုက်ရင်း မေး၏။ ကျွန်မသည် အင်တာဗျူး အခေါ်ခံရသော စာရေးပေါက်စလေးလို ဟိုကမေး၊ ဒီကမေး ဒဏ်ကြောင့် ကြောင်တက်တက် ဖြစ်နေသည်။

"သမီး နည်းနည်းပါးပါးပဲ သိဖူး၊ ဖတ်ဖူးသေးတယ် မေမေ"

"အေး... စာအုပ်တွေ ရှာဖတ်သေးတာပေါ့။ ဒီတော့ သမီးဘာသာ အဖြေရလာမှာပါပဲ၊ မေမေတို့အနေနဲ့ကတော့ လူငယ်တွေရဲ့ ပါတီ ရေးရာတွေကို မဝေဖန်ချင်ပါဘူး၊ လူတွေကခက်သား၊ စစ်ဖြစ်ခါနီးလေး မှ စာရေးဆရာမကြီးတစ်ယောက် ဘာသာပြန်တဲ့ 'လူ့မုန်တိုင်း' ဆိုတဲ့ စာအုပ် သမီး ဖတ်ဖူးမှာပေါ့"

"ဟုတ်ကဲ့"

"ဒီတုန်းက သမီးငယ်ငယ်ရှိဦးမှာ၊ အေး... ဝတ္ထုထဲမှာ ကွန်မြူနစ် လေး 'ဟန်း' က ဇာတ်လိုက်၊ နာဇီတွေက လူဆိုးဗီလိန်ကြီးတွေပေါ့၊ ဒါပေမဲ့ တော်တော်ကြာ ကွန်မြူနစ်က ဗီလိန်အဖြစ် ဝတ္ထုတွေ ထွက်လာ ဦးမှာ။ လူတွေစိတ်က ခက်တယ်။ ဥပမာဆိုကြပါစို့။ အမေရိကန်က အဏုမြူဗုံးသုံးပြီး ဟီရိုရှီးမားဗုံး ချလိုက်တယ်။ စစ်ကြီးလည်း ပြီးသွား ရော တို့များအားလုံး ဖက်ဆစ်ဂျပန်ကို အဆုံးသတ် လက်နက်ချအောင် လုပ်သူ၊ စစ်ပြီးအောင်လုပ်သူမို့ အမေရိကန်ကို ကျေးဇူးတင်ရတယ်။ ဟော... အခု အမေရိကန်က လူဆိုးကြီးဖြစ်ပြီးတို့ ဖက်ဆစ်လို့ သမုတ် ခဲ့တဲ့ ဂျပန်က ခုဇာတ်လိုက်ဖြစ်ပြန်ပြီ။ ဟီရိုရှီးမားနေ့ပဲ လုပ်လုပ်ပြီး အမေရိကန်ကို ရှုတ်ချနေကြတယ်။ အဲဒီတော့ လူတွေ သဘောဆိုတာက ခက်သားလား။ အေး... ကွန်မြူနစ်ရော၊ ဆိုရှယ်လစ်ရောပဲ ခု ဇာတ်လိုက် ဖြစ်၊ တော်ကြာ လူဆိုးကြီးတွေ ဖြစ်ချင်ဖြစ်ဦးမှာ"

ကျွန်မသည် မေမေ့စကားကို မနည်းသဘောပေါက်အောင် တွေး ကြည့်ရ၏။ မေမေ့ဆိုလိုချက်မှာ နက်နဲလှသည်။ သူတို့နှစ်ဦးလုံးသည် ကွန်မြူနစ်ပါတီထဲ မဝင်ရဟု မတားမြစ်ကြပေ။

"မေမေတို့တော့ နတ်ပြည်ရောက်စေချင်လို့ လည်ပင်းကြိုးတပ် ပြီး ဖွတ်ဆွဲခေါ်တာမျိုးဆို ကြောက်တယ်။ မြတ်စွာဘုရားရှင်ဟာ

mgyoe.com

mgyoe.com


လောကီစည်းစိမ် ချမ်းသာတွေထက် အဆထောင်သောင်းမက အေးချမ်းတဲ့ နိဗ္ဗာန်ကို သတ္တဝါတွေ ရောက်စေချင်တဲ့ဆန္ဒရှိတယ်။ တကယ်လည်း သနားတဲ့ မဟာကရုဏာတော်ရှိတယ်။ ဒါပေမဲ့လည်း ဘုရားရှင်ဟာ လည်ပင်းကြိုးတပ်ပြီး ဖွတ်ဆွဲခေါ်တဲ့ တရားမျိုး ဘယ်တော့မှလည်း မဟောခဲ့ဘူး။ တရကြမ်းကျင့်မှလည်း နိဗ္ဗာန်ရောက်မယ်လို့ မပြောခဲ့ဘူး။ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းအားဖြင့်သာ ကျင့်ကြံရမယ်လို့ ဟောခဲ့တယ်။ သမီးလည်း ဘာသာရေးနဲ့ပတ်သက်တဲ့ စာပေရော၊ ကွန်မြူနစ်စာပေရော ဖတ်ကြည့်ပေါ့"

မေမေက စကားအဆုံးတွင် ငါးပိရည်ဆမ်းထားသော အတို့ကို မြှုပ်ကာ ထမင်းလုတ်ကို ဝါးနေလေသည်။

"ဒါနဲ့ ဖေဖေ စဉ်းစားကြည့်မိတယ်၊ သမီး ဘာကြောင့် ကွန်မြူနစ်ပါတီထဲကို ဝင်ချင်တာလဲ၊ အဲဒီအကြောင်းကလည်း ရှိဦးမှာပေါ့"

မေမေက "ဟုတ်ပါရဲ့" ဟူသောအကြည့်မျိုးနှင့် ကျွန်မမျက်နှာ ကြည့်လိုက်သည်။ ကျွန်မသည် ထိုမေးခွန်းကို ဖြေချင်ပါ၏။ ဖြေသာဖြေရပါလျှင် "ကိုကိုအောင်ကို ချစ်လို့" ဟု ဖြေမည်သာဖြစ်၏။ ဖေဖေက ဤအဖြေကိုသာ ကြားလျှင်လည်း ဝက်ဝက်ကွဲအောင် ရယ်ပေမည်။ သို့သော် အမှန်အတိုင်း ဝန်ခံရလျှင်လည်း ထိုစဉ်က ထိုအတွေးထက် မပိုခဲ့ပါပေ။

"သမီးတို့ကျောင်းမှာ ခုတစ်လော နိုင်ငံရေးအယူအဆတွေ တော်တော် လက်ခံဆွေးနွေးကြတယ် ဖေဖေ၊ ကွန်မြူနစ်ဝါဒ သဘောတရားတွေတော့ ကိုကိုအောင်တို့က ခေါင်းဆောင်သိမ်းသွင်းတာပေါ့၊ ဆိုရှယ်လစ် ပါတီကိုတော့ ဖဆပလအနေနဲ့ ကျောင်းသားတွေ အင်အားတော်တော် တောင့်တယ်"

"သမီးက သူတို့နှစ်ပါတီမှာ ဘယ်ဟာကို ပိုစိတ်ဝင်စားလဲ"

ကျွန်မသည် ဖေဖေ့မေးခွန်းကိုဖြေရန် စကားလုံးရှာနေရ၍ ခဏကြာသွား၏။

"ပုဂ္ဂိုလ်အနေနဲ့ကတော့ ကိုကိုအောင့်ကို ခင်တာပေါ့၊ သဘော

mgyoe.com

mgyoe.com


အယူအဆမှာတော့ ဟိုပန်းချီဆရာ ကိုမိုးသူဆိုတဲ့ လူကြီးကို သမီး သဘောကျတယ်"

"ဟဲ့ ပန်းချီဆရာလည်း ကျောင်းသားထဲမှာ"

"ဒီလိုဖေဖေ၊ သူက ဘီအေနောက်ဆုံးနှစ် စာသင်နေတုန်းပါ၊ ပန်းချီ သိပ်ဝါသနာပါပြီး ကျောင်းအတွက် ကိစ္စဆို ပန်းချီနဲ့ ဆိုင်ရင် သူက ဝင်ကူလို့ ကျောင်းသားတွေက ပန်းချီဆရာလို့ ခေါ်တာပါ"

"သြော်... ဆိုပါဦး"

"သူကတော့ အဖွဲ့လည်းမရှိ၊ နောက်လိုက်လည်းမရှိ၊ သူတစ်ယောက်တည်းရယ်။ 'ကျူပ် ကွန်မြူနစ် ဘာကြောင့်မဖြစ်နိုင်လဲ' ဆိုတဲ့ စာအုပ်ထုတ်တယ်။ သူပြောတဲ့စကားတွေကလည်း ကျောင်းသားများများ သဘောကျတယ်။ သမီးလည်း သဘောကျတယ်။ တချို့ကလည်း သူ့ကို ခွေးကြီးလို့ ထင်ကြတယ်။ သူက ကွန်မြူနစ် ဘယ်တော့မှ မဖြစ်ဘူး တဲ့။ ကွန်မြူနစ်အယူအဆကို တိုက်တာလည်း ဘယ်ပါတီနောက်ခံက ခိုင်းလို့မှ မဟုတ်ဘူးတဲ့။ သူ လက်မခံနိုင်လို့ သူတိုက်တာတဲ့။ သူ ပြောတာတွေ အများကြီးပါပဲ ဖေဖေရယ်။ သမီးတော့ ပြန်မပြောတတ်ဘူး။ သူက ကမာရွတ်မှာ တဲလေးတစ်လုံးနဲ့ တစ်ယောက်တည်းနေ တယ်"

ဖေဖေက ရယ်မောကာ လက်ဆေးလိုက်၏။ လက်ကိုင်ပဝါနှင့် သုတ်ရင်း ဘာသဘောကျမှန်း မသိ၊ ခေါင်းတညိတ်ညိတ် လုပ်နေ သည်။

"ဖြစ်နိုင်ရင်တော့ ပါတီနိုင်ငံရေးသဘော ကျောင်းသားတွေကို သွင်းပေးတာထက် ကျောင်းသားတွေရဲ့စိတ်မှာ လူ့လောကကောင်းကျိုး အတွက် တတ်အားသမျှဖြစ်စေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေပေါ့ကွယ်။ ဘယ်လောက်လုပ်ပေးနိုင်မလဲ။ လုပ်ပေးချင်စိတ်ရှိအောင် သွင်းပေးရင် ကောင်းတယ်။ လူမှုဝန်ထမ်းစိတ် ဆိုရမှာပေါ့။ ဒါက တိုင်းပြည်မှာ ဘယ်သူတက်တက် ရှိသင့်တဲ့ ပင်မကျောရိုးလုပ်ငန်းကိုး။ ပါတီနိုင်ငံရေး ဆိုတာကတော့ တော်ကြာ ဒီသွင်းမိတဲ့ဒဏ်ကို ဘယ်လောက်ခံကြရမလဲ

mgyoe.com

mgyoe.com


မသိဘူးနော်"

"ဒါပေမဲ့ ကိုထွန်းရယ်၊ ပြောင်းလဲချင်ကြတဲ့ သဘောဆိုတာ ခေတ်တစ်ခေတ်ကြုံလာရင် တားလို့ ရခဲ့တာကလား။ ဖြစ်ကြမှာပဲ။ နောင်တော့သာ သူတို့မှာ ကိုယ်ပြုသမျှဒဏ် ကိုယ်ခံကြရတာပဲ"

"ကိုယ်တစ်ယောက်တည်း ခံရရင်တော့ ကောင်းသပေါ့ကွယ်။ သူတို့ပြုသမျှ ဒဏ်က တစ်တိုင်းပြည်လုံး ခါးစည်းခံရတော့ မခက်ပါလား"

"ကျွန်မတော့ ရာဇဝင်ဖတ်သလိုပဲ သဘောထားရတယ်။ ဤမင်းကြီးတက်သော် ဤလိုလုပ်၏။ တိုင်းပြည် ဤလိုဖြစ်၏။ ဒါ့ထက်ပိုလို့ ကိုယ် ဘာတတ်နိုင်တာလိုက်လို့"

"လူဆိုတာ တစ်ယောက်တည်း နေတာမှမဟုတ်ဘဲ သိန်းသိန်း။ တစ်ယောက်ရဲ့အပြုအမူဟာ အားလုံးကို အရှိန်ဟပ်တာပဲ။ ခုပဲ မင့်သမီး အရှိန်ဟပ်လာတာပဲမို့လား။ အေးလေ... သမီးလည်း အရွယ်ရောက်တဲ့အခါ စဉ်းစားပေါ့။ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်အသင်းအပင်းနဲ့ နေရတော့မှာကိုး"

ဖေဖေရော မေမေပါ ကျွန်မကို စိတ်ပါလက်ပါ ဆွေးနွေးသောကြောင့် ကျွန်မ ဝမ်းသာသွားမိသည်။ ထမင်းစားပြီးလျှင် ကျွန်မ အခန်းသို့ ဝင်ခဲ့၏။ ဝမ်းသာသည် ဆိုသော်လည်း ဝမ်းနည်းသည့် အကြောင်းတစ်ခုလည်း ဖြစ်ခဲ့သေး၏။ အိပ်ရာပေါ်သို့ လှဲလိုက်ကာ အသက်ပြင်းစွာ ရှူမိသည်။

ဖေဖေကသာ ကျွန်မသည် အသက် ၁၇ နှစ်မို့ အရွယ်မရောက်သေးဟု ဆိုသည်။ ကျွန်မသည် ဟန်နှင့် ပန်နှင့် ရည်းစားသနာ ထားခဲ့ပြီးပါပကော။ အရွယ်မရောက်ခင် ကျွန်မ၏ တွေးတောမှန်းဆချက်သည် မည်မျှမှန်ပါမည်နည်း။ အိမ်ထောင်ရေးအတွက် စောစီးစွာ သတ်မှတ်ထားချက်ကလည်း မည်မျှအောင်မြင်ပါမည်နည်း။

ခုမှပင် ကျွန်မသည် စိုးရိမ်စိတ်ပါလာ၏။ ရင်ထဲတွင် တင်းကျပ်လာသည်။ အမှန်တော့ ထမင်းစားပွဲတွင် ဖေဖေက "သမီး သည်လောက

mgyoe.com

mgyoe.com


ကိုသိဖို့ ငယ်သေးသည်၊ ကိုယ့်ကိုယ်ကိုယ် လူကြီးလူကျယ် ထင်မနေနှင့်" ဟု သွယ်ဝိုက်ကာ နှက်လိုက်ခြင်း ဖြစ်ပေသည်။

*

ဖေဖေ ပြောသလိုပင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ကျွန်မကို ထိတွေ့လာပြန်သည်။ ကျွန်မ ကျောင်းသွားတိုင်း အင်းစိန်တွင် ဝင်ခေါ်ရသူ မမြခင်မှာ လူငယ့်အစည်းအရုံးတွင် ဥက္ကဌဗလမှူး ဖြစ်ပေသည်။ သူ့တွင် မိတ်ဆွေများ ပေါများလှသည်။ သူသည် အပေါင်းအသင်းတော်သူဖြစ်လေသည်။ ကျောင်းတွင်လည်း မိတ်ဆွေများ၏။ သို့သော် ကျွန်မသည် ကျောင်းရောက်ချိန်တွင် သူနှင့် မတွဲမိပေ။

ထိုအချိန်တွင် အင်းစိန်တွင် လူငယ့်အစည်းအရုံးအင်အားမှာ အတော်တောင့်တင်းချိန်ဖြစ်၏။

လူငယ်များ ရွာမဘက်တွင် စေတနာ့ဝန်ထမ်း သန့်ရှင်းရေးများကို လာလုပ်တိုင်း ဖေဖေက ဝမ်းသာအားရ ကူညီသည်။ တစ်အိမ်လုံးလိုလို ထွက်ကူရပေသည်။

ရွက်ခြောက်များကို စုပုံ၍ မီးရှို့ကြရသည်။

"မငွေရေ… ဟိုဘက်ခြံ သွားကူပါဦး၊ တို့ခြံလောက် သူတို့က လူအင်အား မတောင့်ဘူး၊ ပြီးတော့ ခြံကြီးက ကျယ်လိုက်တာ"

သူသည် လမ်းပေါ်ရှိ မြက်များကို ခုတ်ရင်းမှ အိမ်ထဲကို လှမ်း၍ ပြောတတ်၏။ ဒေါ်ငွေနှင့် သူ့ခင်ပွန်း ဦးစိန်ဖိုးမှာ ဟိုဘက်ခြံကို သွား၍ ကူကြရလေသည်။ လူငယ်များမှာ ပေါက်တူး၊ တူးရွင်းကိုယ်စီနှင့် ရေဝပ်သော ချိုင့်များကို မြေဖို့သူဖို့ကာ အမှိုက်ရှင်းသူက ရှင်းနေကြပေသည်။

သူတို့ပြန်ခါနီးလျှင် "ကဲ… သမီး ကော်ဖီလုပ်ပေ့ာ" ဆိုကာ လူငယ်လေးများကို အိမ်ထဲသို့ ခေါ်ယူကျွေးမွေးတတ်သည်။ သူ့ကို ကြည့်ရသည်မှာ ထိုလုပ်ငန်းများတွင် ကြည်နူးဟန် ရှိပေသည်။

လူငယ်များ ပြန်သွားချိန်တွင် မျက်နှာရှိ ချွေးစက်များကိုသုတ်ရင်း "ဒါတွေဟာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေပဲဟေ့" ဟု သူ့ဘာသာ

mgyoe.com

mgyoe.com


ပြောတတ်ပေသည်။

"သမီးလည်း တစ်ယောက်တည်း ကြာကြာနေရင် ကိုယ့်တစ်ကိုယ်တည်းအတွက်ပဲ နားလည်နေလိမ့်မယ်၊ အပေါင်းအသင်းနဲ့ နေချင်ရင် ပါတီတွေထဲ ဝင်မယ့်အတူတူ အဲဒီလူငယ့်အစည်းအရုံးကမှ ကောင်းသေး"

ဖေဖေသည် ထိုစဉ်က လူငယ့်အစည်းအရုံး၏ နောင်ရေးကံကြမ္မာကို သိဟန်မတူပေ။ ကျွန်မကို တိုက်တွန်းခဲ့၏။ ကျွန်မသည်လည်း မမြခင်နှင့် ဆက်သွယ်၍ လူငယ်အစည်းအရုံးသို့ ဝင်ခဲ့၏။

တစ်နေ့တွင်မူ မမြခင်က ဆွေးနွေးစရာရှိသည်ဆိုကာ သူ့အိမ်သို့ ဖိတ်ခေါ်၏။ သူ့အိမ်တွင် ညှော်သည်လူစိမ်းနှစ်ယောက်ကို တွေ့ရပေသည်။

တစ်ယောက်မှာ ဗိုလ်မြစိုး ဆိုသူဖြစ်၍ တစ်ယောက်မှာ ကိုအောင်ဒင်ဖြစ်ကြောင်း၊ တော်လှန်ရေးရဲဘော်ဟောင်းများဖြစ်ကြောင်း မမြခင်က မိတ်ဆက်ပေး၏။

ဗိုလ်မြစိုးမှာ ကျွန်မနှင့် ရွယ်တူလောက်ပင်ရှိ၍ အသားဖြူဖြူ၊ နှုတ်ခမ်းမွေးရေးရေးနှင့် တရုတ်ကပြားနှင့်တူ၏။ ဘောင်းဘီရှည်ဝတ်ကာ လက်ထဲတွင် ဆေးတံကိုင်ထားပေသည်။

"မခင်ယုအကြောင်းကို မမြခင် ပြောထားလို့ ကျွန်တော်တို့ သိနေပါတယ်"

ဗိုလ်မြစိုးသည် စကားပြောစဉ်တွင်လည်း ရည်မွန်ပုံ ရ၏။ ကိုအောင်ဒင်ကမူ ထိုခေတ် နိုင်ငံရေးသမားများပုံစံအတိုင်း ပင်နီဖျင်ကြမ်းအင်္ကျီကို ဝတ်ကာ ဆံပင်ကို ခပ်ဖွာဖွာပင် မဖြီးဘဲ ထား၏။ တစ်ချက်တစ်ချက် နိုင်ငံရေးအကြောင်းများကို အရှည်ကြီးပြော၏။ ကျွန်မစိတ်ထဲတွင်မူ စိတ်ဝင်ဝင်စားစား မရှိလှပေ။ မမြခင်ကို အားနာ၍သာ နားထောင်နေရ၏။ သူ့စကားထဲတွင် ပြည်သူ့အရေးတော်ပုံပါတီမှသည် ဆိုရှယ်လစ်ပါတီသို့ ဆိုင်းဘုတ်ပြောင်းခန်း ပါလာ၏။ တစ်ခါတစ်ခါ မျက်မှန်ထူကြီးထဲမှ ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေ၏။

mgyoe.com

mgyoe.com


"ကျွန်တော်တို့က အဆင်သင့်တုန်း မခင်ယုနဲ့ ဆွေးနွေးချင်တာပဲ။ အဲဒါ ကျွန်တော်တို့ပါတီအတွက် စည်းရုံးရေးများ မခင်ယု တတ်နိုင်ရင် ကူညီစေချင်လို့ပါ"

ဗိုလ်မြစိုးက ဆက်လက်၍ပြောၿ၏။ မမြခင်သည်လည်း သူတို့ပါတီနှင့် ကင်းပုံမရပေ။ ကျွန်မသည် ရုတ်တရက် ဘာမျှမဖြေသေးဘဲ နေလိုက်၏။ ပြန်ခါနီးမှပင်...

"ကျွန်မ စဉ်းစားပါရစေဦး" ဟု ပြောလိုက်၏။

ဝုန်းခနဲဆို ကိုအောင်ဒင်က ထိုင်ရာမှ ထလိုက်၏။ ကျွန်မရော မမြခင်ပါ လန့်သွားကြသည်။

"ဒီမှာ... ခင်ဗျား အခုအဖြေမပေးနိုင်တာ တရားခံဟာ ဘယ်သူလဲ"

သူသည် ခပ်မာမာပင် လက်သီးဆုပ်ကာ မေးလိုက်၏။

"ဘုရားရေ..."

ကျွန်မမှာ ပါးစပ်မှပင် အသံထွက်ကာ ဘုရားတမိ၏။ ဗိုလ်မြစိုးမှာ အားနာဟန်နှင့် ပြုံးလိုက်ကာ "ကိုအောင်ဒင်ကလည်း ဘာတွေမေးတာလဲ" ဟု ပြောလိုက်၏။

ကျွန်မသည် ထုံးစံအတိုင်း ဒေါသအတော်ထွက်လာ၏။

"အစကတော့ နောက်မှ အဖြေပေးမလို့ပဲ၊ ခုတော့ ကိုအောင်ဒင့်မေးခွန်းကြောင့် ကျွန်မ အခုအဖြေပေးခဲ့မယ်၊ ရှင်တို့ပါတီထဲကို ကျွန်မ မဝင်ဘူး၊ အဲဒီမဝင်တာ တရားခံ ဘယ်သူလဲဆိုရင် ကျွန်မပဲ"

ကျွန်မသည် ခပ်တင်းတင်းပင် ပြောကာ ထိုင်ရာမှ ထလာခဲ့၏။ မမြခင်နှင့် ဗိုလ်မြစိုးတို့က လှေကားဝအထိ လိုက်၍တောင်းပန်သည်။

ကျွန်မသည် အိမ်ပြန်လာသည်အထိ ဒေါသမပြေသေးပေ။

ကွန်မြူနစ်ပါတီမှ ကိုထွန်းမောင်နှင့်သော်လည်းကောင်း၊ ပြည်သူ့အရေးတော်ပုံပါတီမှ ကိုအောင်ဒင်နှင့်သော်လည်းကောင်း မတွေ့ခဲ့လျှင် ယခုအချိန်တွင် ကျွန်မသည် အဓိပတိကွန်မြူနစ်ကြီးသော်လည်းကောင်း၊ ဆိုရှယ်လစ်ကြီးသော်လည်းကောင်း ဖြစ်နေပေလိမ့်မည်။ ယခုမူ သူတို့

mgyoe.com

mgyoe.com


နှစ်ယောက်နှင့် ဆုံခဲ့ခြင်းမှာ ကျွန်မအတွက် ပါတီနိုင်ငံရေးအား စိတ်ကုန်အောင် ဖန်တီးလိုက်ခြင်းပင် ဖြစ်ပေသည်။

ယခုလို အရွယ်ထောက်လာချိန်တွင် တွေးကြည့်ပြန်တော့လည်း ပါတီဝါဒကို သေချာစွာ မလေ့လာသေးဘဲ ဒီလူလေးနှစ်ယောက်ကို တွေ့ရှုံမှုနှင့် ပါတီနိုင်ငံရေးကို စိတ်ပျက်ရသည်မှာ အကြောင်း မလုံလောက်ဟု ဆိုနိုင်ပေသည်။ ပါတီများဘက်က ကြည့်လျှင်လည်း အကြောင်းပြချက် သေးနုပ်လှသည်ဟု ဆိုကောင်းဆိုပေမည်။ သို့သော် မည်သူမဆို သိတတ်ခါစ တွေ့ရသောအတွေ့အကြုံကို အသည်းစွဲအောင် မှတ်တတ်သည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။

ကျွန်မသည် လူသတ္တဝါတစ်ယောက်ဖြစ်၍ နိုင်ငံရေးနှင့် မကင်းနိုင်။ ချစ်မိခဲ့သူမှာလည်း နိုင်ငံရေးသမား ဖြစ်နေပြန်၍ အမြဲလိုပင် နိုင်ငံရေးကို လေ့လာနေမိပေသည်။

မြန်မာပြည်ရှိ ပါတီနိုင်ငံရေးသမားများသည် များသောအားဖြင့် လူထုအုံကြွ၍ ရရှိသောအားကို ကိုယ့်ဘာသာကိုယ် ဖျက်ဆီးပစ်ကြသည်သာ များခဲ့သည်။ အမှန်တော့ ငါ–ငါ ဆိုသော သဘောများမှာ ပြင်းထန်လွန်းလှသည်။ သက္ကာယဒိဋ္ဌိသဘောကို တွေးတောဆင်ခြင်နိုင်သူတို့က ပါတီနိုင်ငံရေးသမားတို့ အရှိန်တက်လာမှုကို လက်ညှိုးထောက်ပြပြန်လျှင်လည်း 'သက္ကာယဒိဋ္ဌိ' ဆိုသည့် စကားလုံးကို ရွတ်ဆိုသည့်သူကိုပင် ဘာသာရေး မှိုင်းမိသူလိုလို၊ အရူးလိုလို ပါတီသမားတို့က စွပ်စွဲပြန်တော့လည်း ကရုဏာသက်သူတို့မှာ ဘာများလုပ်နိုင်ပါဦးမည်နည်း။

နောက်ပိုင်းတွင် ကျွန်မသည် ပါတီနိုင်ငံရေးသမားတို့အပေါ်ဝယ် "သူတို့လည်းလေ လောကီသားပေပဲ" ဟု စိတ်ဖြေလိုက်၏။ ကျွန်မကသာ တစ်ယောက်ချင်းအနေ စိတ်ဖြေနိုင်သည်၊ ခွင့်လွှတ်နိုင်သည်ဆိုသော်လည်း တစ်မျိုးသားလုံးနှင့်ချီ၍၊ တိုင်းပြည်နှင့်ချီ၍ ခွင့်မလွှတ်နိုင်သော အမှားများကို သူတို့ ကျူးလွန်ခဲ့ကြသည်ရှိသော်...။ ကျွန်မသည် ဆက်မတွေးရဲပေ။

နောက်ပိုင်းတွင်လည်း ဂျပန်တစ်ခေတ်လုံး လူငယ်စည်းရုံးမှုကို

mgyoe.com

mgyoe.com


အများဆုံးပေးစွမ်းနိုင်သော၊ တော်လှန်ရေးအင်အားစုကို အများဆုံး ထောက်ခံအားပေးစွမ်းနိုင်သော လူငယ့်အစည်းအရုံးကြီးမှာလည်း ဆိုရှယ်လစ်နှင့် ကွန်မြူနစ်တို့ အမွေဝိုင်းကာအခွဲခံလိုက်ရတော့သည်။

လူငယ်တို့နှင့် ဗလငါးတန် တိုးတက်ရေးသည်လည်း အနီရောင် အလွှမ်းခံလိုက်ရ၏။

သို့နှင့် ကျွန်မတို့ ခေတ်လူငယ်များသည်လည်း အမျိုးသား အင်အားစုအနေနှင့် ရပ်တည်မနေနိုင်တော့ဘဲ ဟိုပါတီအမွေးခံ၊ ဒီပါတီ အမွေးခံရသော လူတန်းစားတစ်စားလို ဖြစ်နေပေတော့သည်။ ယခုတော့ လည်း ဤသူတို့ ဖျက်ခဲ့သော လူငယ့်လုပ်ငန်းများဖြစ်သည့် ရပ်ရွာသန့် ရှင်းရေး၊ စည်းကမ်းသေဝပ်ရေး၊ တာဝန်သိတတ်ရေး စသည်များကိုပင် ပြန်လည်လုပ်အောင် သိမ်းသွင်းနေရပြန်တော့သည်။

အတော်ပင် ရင်နာစရာကောင်းလှသည်တကား။

*

နွေရာသီ ကျောင်းပိတ်ရက်တွင် ကိုကိုအောင်သည် ကြို့ကုန်းအိမ် သို့ ပေါက်လာတော့သည်။ ဖေဖေနှင့် မေမေတို့မှာ သူနှင့်စကားပြောပြီး ခြံထဲသို့ ဆင်းသွားကြသည်။ အိမ်ပေါ်တွင် နှစ်ယောက်တည်း ကျန်ရစ် ခဲ့၏။

"ယု နွေကျောင်းပိတ်ရက်မှာ ဘာလုပ်မလို့လဲဟင်..."

"ခုတော့ ဘာမှမလုပ်သေးဘူး၊ သင်္ကြန်ကျရင်တော့ မေမေက ရိပ်သာဝင်မလို့၊ အဲဒါ ယုပါ လိုက်သွားမယ်"

သူသည် ပြုံးလိုက်၏။

"အဲဒီရိပ်သာအခန်းတွေက ဆလာမိနဲ့ မရောင်းဘူးလား"

"ဟင်... ကိုကိုအောင် ဘာပြောတာလဲ"

ကျွန်မသည် အတော်ပင် သူ့စကားကြောင့် စိတ်ထိခိုက်သွား၏။

"သြော်... ယုတို့ တရားသွားအားထုတ်တဲ့ ရိပ်သာအခန်းတွေ ပြောတာပါ၊ ဆလာမိနဲ့ မရောင်းဘူးလားလို့"

mgyoe.com

mgyoe.com


သူက ထပ်၍ပြော၏။ ကျွန်မသည် သူ့ပါးစပ်ကို ကျွန်မလက်ဝါးနှင့် အသာပိတ်လိုက်မိသည်။

"ကိုကိုအောင် မယုံကြည်လို့ အားမထုတ်ချင်ရင် မထုတ်ဘဲနေ၊ ဒီလို သူများယုံကြည်ချက်ကို ပြောင်ပြောင်ချော်ချော်မပြောပါနဲ့ ကိုကိုအောင်ရယ်၊ အထူးသဖြင့် ဘာသာရေးနဲ့ဆိုတော့ တရားအန္တရာယ်ဖြစ်တတ်တယ်"

သူသည် သူ့ပါးစပ်အား ပိတ်ထားသော ကျွန်မလက်များကို ဆွဲယူညှစ်ကာ...

"ဘိက္ခုနီ ထေရီ ဖြစ်တော့ခါ၊ မောင်ချစ်ကိုမယ် သနားတာဖြင့်၊ တရားမွန် မှန်သဘောကို၊ ဟောလှည့်အဦး" ဟု မင်းသုဝဏ်၏ကဗျာကို ရွတ်နေပါတော့သည်။

ကျွန်မသည် သူ့မျက်နှာကိုကြည့်ကာ ပြုံးနေရပါတော့သည်။ သူသည် ကဗျာရွတ်ရာမှ မျက်နှာမှာ တဖြည်းဖြည်း အသွင်ပြောင်းသွား၏။

"ဒီနေ့ပဲ မဂ္ဂဇင်းထဲမှာ ယုရေးတဲ့ဝတ္ထု 'ငွေလှေပေါ်မှာတွင်' ကို ဖတ်ခဲ့သေးတယ်၊ အဲဒါဖတ်ပြီး ကိုကိုအောင်လည်း စိတ်မကောင်းတာနဲ့ ထလာခဲ့တယ်"

"ဘာဖြစ်လို့လဲ ကိုကိုအောင်"

"ဒီအထဲမှာ ဇာတ်လိုက်မင်းသားနဲ့ မင်းသမီးဟာ မျှဉ်းပြိုင်လိုပဲ အတူယှဉ်ပြိုင်တွဲနေကြပေမယ်လို့ ဘယ်တော့မှ မဆုံမိဘူးလို့ ယု ရေးထားတယ်လေ၊ အဲဒါကိုဖတ်မိတော့ ယုနဲ့ ကိုကိုအောင်လည်း အတူတွဲပြီး ယှဉ်နေကြပေမင့် ဆုံမှ ဆုံမိကြပါ့မလားလို့ စိတ်ထင့်မိတယ် ယု"

"ဟင်... ကိုကိုအောင်ကလည်း ဟိုဟာက ဝတ္ထုပဲ၊ ဘာလို့ ယုနဲ့ ကိုကိုအောင်က မဆုံမိရမှာလဲ"

ကျွန်မသည် ထိတ်လန့်တကြား သူ့လက်များကိုပင် လှုပ်၍ မေးလိုက်မိ၏။ သူသည် ကျွန်မကို ကြေကွဲစွာ ကြည့်နေပုံရ၏။

"ယုကလည်း စိပ်လိုက်ရတဲ့ ပုတီး၊ ရှိခိုးလိုက်ရတဲ့ ဘုရား၊ အားထုတ်လိုက်ရတဲ့ တရား၊ ပြင်ပမှာ ဘာတွေများ ပြောင်းလဲနေလဲလို့

mgyoe.com

ဂရုစိုက်ပုံလည်း မရဘူး၊ ယုက ကွန်ဆာဗေးတစ်ကြီးလိုပဲ၊ ဘာမှ အယူ အဆသစ်တွေကို လက်ခံချင်ပုံလည်း မရဘူး"

"အဆန်းမှမဟုတ်ဘဲ ကိုကိုအောင်ရယ်၊ ယုငယ်ငယ်ကတည်းက စိပ်လာတဲ့ပုတီး၊ ရှိခိုးလာတဲ့ ဘုရားပဲ၊ ယု စိတ်ချမ်းငြိမ်ချင်လို့ တရား အားထုတ်တာပဲ၊ ဟိုတုန်းက လမ်းလျှောက်ထွက်မယ့်ကြဲရင် ဘုရားပန်း လဲမပြီးသေးလို့ ကိုကိုအောင် စောင့်ရသေးတာပဲမို့လား၊ ကိုကိုအောင် ကလည်း စိတ်ညစ်စရာတွေကို ဘာလို့ဆွေးနွေးချင်တာလဲ"

"ဆွေးနွေးရမှာပဲ ယု၊ တော်ကြာ နှစ်ယောက် ညားပြီးမှ စိတ်မတူ ရင် သိပ်စိတ်ဆင်းရဲရမှာ၊ ကိုကိုအောင်ကလည်း ရှေ့နှစ်မှာ ယုကို လက်ထပ်ချင်တာ၊ အပြင်မှာလည်း နိုင်ငံရေးအခြေအနေတွေက ပြောင်း လဲနေတာမို့လား..."

သူသည် တကယ်ပင် စိတ်ပျက်သလို ပြော၏။

"အဲဒီပြောင်းလဲနေသမျှတွေကို ယု လျစ်လျူရှုမထားဘဲ အမြဲ လေ့လာပါတယ်။ ကိုကိုအောင်တို့ ကွန်မြူနစ်ပါတီထဲ မဝင်ချင်သေးတာ ကတော့ ယုက စိတ်နှလုံး လွတ်လပ်မှုကို သိပ်လိုချင်တာ။ သံမဏိ စည်းမျဉ်းတို့ ဘာတို့ဆိုတာ ယု မလိုက်နာတတ်ဘူး။ ကိုယ့်အသည်းနှလုံး ထဲကိုက စွဲငြိပြီးမှ လုပ်ချင်တယ်။ ယုံကြည်ချက် တကယ်ရှိမှလည်း ကောင်းမယ်။ အားနာလို့ မလွဲသာတော့လို့ လုပ်ရတာမျိုးကို သိပ်ရွံတာ ပဲ။ ကိုကိုအောင်ရဲ့စိတ်ထဲမှာ ထင်တယ်...၊ ယုဟာ အရုပ်လိုနေရတယ် ဆိုလို့။ ဒါပေမင့် ယုတို့ အိမ်အခြေခံကိုက အတင်းအကျပ်ဆိုတဲ့သဘော မရှိဘူး။ အဲဒီအသိုက်အအုံထဲ ကြီးလာသူဆိုတော့ ဒီကျဉ်းကျဉ်းကျပ်ကျပ် တွေကို လက်မခံချင်ဘူး။ ယုဟာ ကွန်မြူနစ်တင် မဖြစ်နိုင်တာမဟုတ် ဘူး။ လူ့အသည်းနှလုံးကို အတင်းပုံသွင်းချင်တဲ့ ဘယ်ဝါဒမဆို လူကို စက်လို အသုံးချချင်တဲ့ ဘယ်သူ့အပြုအမူမဆို ယု လက်ခံယုံကြည်မှာ မဟုတ်ဘူး"

"ခက်ပါသေးတယ် ယုရယ်"

သူသည် လေးလံသော သက်ပြင်းကို ရှူရှိုက်ကာ ခေါင်းငိုက်စိုက်

mgyoe.com

mgyoe.com


ချ၍ နေလေသည်။

"မခက်ပါဘူး ကိုကိုအောင်ရာ၊ ကိုကိုအောင်က ခက်အောင် တွေး နေလို့ပါ၊ ကဲ... စိတ်အေးလက်အေး လမ်းလျှောက်ထွက်ရအောင်"

အပြင်တွင် နေရောင်သည် အတော်ဖျော့၍ပင် နေပေသည်။ သစ်ပင်များ ထိပ်ဖျားတွင် ရွှေဝါနုရောင် နေခြည်ကို မြင်နေရသေး၏။ ကျွန်မသည် ပြတင်းသို့ထသွားကာ ခန်းဆီးကို ဘေးသို့ ဖယ်လိုက် သည်။ နေခြည်သည် ပျော့ပျောင်းစွာပင် ဧည့်ခန်းစားပွဲပေါ် လျှောကျ လာသလို ထင်ရ၏။ စားပွဲတင်ပန်းအိုးထဲရှိ ပန်းခက်ကလေးများပေါ် တွင် ရွှေရောင်များ ရစ်သမ်းနေတော့သည်။ သူသည် ပန်းပွင့်ကို ငေးနေ သော ကျွန်မအား ရီဝေသော မျက်လုံးများဖြင့် ငေးကြည့်နေ၏။ ကျွန်မ ကိုမူ သူ့စိတ်ထဲဝယ် ပန်းအလှ သဘာဝအလှတွင် နစ်မျောနေသော အရူးတစ်ယောက်ဟု ထင်ကောင်း ထင်ပေမည်။

ကျွန်မစိတ်ထဲတွင်လည်း ဘယ်လို ပြင်းထန်သော အယူအဆက သူ့အသည်းနှလုံးကိုများ ပြောင်းလဲပစ်သည်မသိ၊ လှပသောညနေ၏ အရသာကိုပင် သူသည် ချစ်သူနှင့်အတူ မခံစားနိုင်တော့ပါတကားဟု ထင်မိတော့သည်။

*

၁၉၄၈ ခု၊ မတ်လ။

ညနေဘက်တွင် ဖေဖေ မြို့ထဲမှ ပြန်လာ၏။ ကားပေါ်မှ ဆင်း ဆင်းချင်း မေမေ့ကို အော်ခေါ်လာ၏။ ကျွန်မသည် မီးဖိုထဲတွင် ထမင်း ချက်နှင့်အတူ ကူချက်ရင်း ချဉ်ရည်ဟင်းအိုး ပြင်နေပေသည်။ ဖေဖေ့ ခေါ်သံကြား၍ အိမ်ရှေ့ဘက်သို့ ပြေးထွက်လာ၏။

"မေမေရယ် အိမ်နောက်မှာ ပန်းတွေခူးနေတယ်၊ ကိစ္စအထူးရှိလား ဖေဖေ"

ဖေဖေသည် ကျွန်မကို လှမ်းကြည့်လိုက်၏။

"ကိစ္စကတော့ ကွန်မြူနစ်ပါတီကို မတရားအသင်း ကြေညာလိုက်

mgyoe.com

mgyoe.com

ပြီ၊ ဖေဖေ မောင်အောင်နိုင်တို့အိမ် ဝင်လာခဲ့သေးတယ်၊ သူ့ကိုတော့ မတွေ့ခဲ့ဘူး"

"ဟင်... ဖေဖေ သူ့ကို ဖမ်းသွားပြီလား"

"ဖမ်းတော့ မဖမ်းသေးဘူး"

ကျွန်မသည် ဘာလုပ်ရမှန်းမသိအောင် စိတ်ထဲမှာ ရှုပ်သွား၏။

"မေမေ့ကို ခေါ်လိုက်စမ်း သမီး"

မီးဖိုနောက်သို့ ကျွန်မ ပြေးထွက်လာ၏။ ရွက်လှပန်းများ ချိုးနေသော မေမေ့အနားသို့ အပြေးအလွှားပင် သွားမိ၏။

"မေမေ... ဖေဖေခေါ်နေတယ်၊ ကွန်မြူနစ်ပါတီကို မတရားသင်း ကြေညာလိုက်ပြီတဲ့၊ ကိုကိုအောင်များ အဖမ်းခံရမလားမသိ၊ ဖေဖေ သွားတော့လည်း မတွေ့ခဲ့ဘူးတဲ့"

ကျွန်မသည် အသက်မျှပင် မရှူနိုင်အောင် တောက်လျှောက်ကြီး ပြောလိုက်၏။

"သမီးကလည်းကွယ် စိတ်ပူရန်ကော၊ အကျိုးအကြောင်း တို့များ ဘာမှလည်း မသိရသေးဘဲနဲ့"

မေမေက ရှေ့မှ ပန်းများကိုကိုင်ကာ အိမ်ဘက်သို့ ထွက်သွားတော့သည်။ ကျွန်မ ငိုချင်၏။ ကိုကိုအောင့်အိမ်သို့ ပြေးသွားလိုက်ချင်၏။ မေမေ့နောက်မှ လိုက်ပါသွားရသော်လည်း စိတ်ထဲက မငြိမ်သက်နိုင်ပေ။ ဖေဖေနှင့် မေမေသည် လှုပ်လှုပ်ရှားရှားဖြစ်နေသော ကျွန်မကို ဘာမျှ ဂရုစိုက်ပုံ မရပေ။ သူတို့ဘာသာ စကားပြောနေ၏။

"သိန်းသိန်း... ကွန်မြူနစ်ပါတီကို မတရားအသင်း ကြေညာလိုက်ပြီ၊ သူတို့လည်း တချို့ တောခိုသွားကြတယ်၊ ပြီးတော့လည်း ကရင်တွေ ကိစ္စကလည်း ငြိမ်သက်ပုံမရဘူး၊ ကိုယ့်စိတ်ကူးကတော့ ကိုယ်တို့လည်း ဒီက ပြောင်းရအောင်၊ မောင်အောင်နိုင့်အမေကလည်း မြို့စွန်မြို့ဖျားမှာ တို့များသားအဖသုံးယောက်တည်း မနေစေချင်ဘူးတဲ့"

"ဒါတော့ ကိုထွန်းသဘောပဲ"

"ကိုယ်လည်း ဟယ်လ်ပင်လမ်း အိမ်ကို ဝင်ကြည့်ခဲ့တယ်၊ အိမ်

mgyoe.com

mgyoe.com


စောင့် ဒရဝမ်ကို ရှင်းလင်းထားဖို့ ပြောခဲ့တယ်၊ ပြောင်းမယ်ဆိုလည်း နက်ဖြန်သန်ဘက် ပြောင်းရင်ကောင်းမှာပဲ"

"ဟုတ်ကဲ့"

ဖေဖေကပြောပြီး အိမ်ပေါ်ထပ်တက်ရန် လှေကားဆီသို့ ထွက်သွား၏။ မေမေက ငိုင်နေတော့သည်။ ကျွန်မသည် မေမေ့လက်ကို ဆွဲလှုပ်ရင်း မျက်ရည်များ ဝေ့လာသည်။

"မေမေ... ကိုကိုအောင် တောခိုတဲ့အထဲ ပါသွားပြီလားမသိ၊ သမီး ချက်ချင်းသိချင်တယ်"

မေမေသည် ကျွန်မပခုံးကို ဖက်ထား၏။ သူ့ရင်ထဲတွင် အတော် ထိခိုက်နေပုံရလေသည်။

"သမီးကလည်း ဘာလို့ငိုချင်ရတာလဲကွယ်၊ သူတောခိုရင် သူ့မေမေက ဖေဖေ့ကို ပြောလိုက်မှာပေါ့၊ ခဏတစ်ဖြုတ် ရှောင်နေတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ခက်တယ်...ခက်တယ်၊ ဘယ်လောက်သေကြဦးမယ် မသိ၊ အပြောင်းအလဲဆိုတာ လိုအပ်ပါတယ်။ ဒါပေမင့် လူတွေ မသေရဘဲ ပြောင်းလဲတဲ့နည်းတွေဟာ မရှိကြတော့ဘူးလား"

မေမေက တစ်ကိုယ်တည်း ညည်းတွားသလို ညည်းရင်း အနီးရှိ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်၏။

"ကဲ... ရော့၊ ဒီပန်းတွေ ရေဆေးပြီး ဘုရားကပ်လိုက်"

ကျွန်မသည် ပန်းများကိုယူလာပြီး ဘုရားစင်ရှိရာ အိမ်ပေါ်သို့ တက်လာခဲ့သည်။ ပန်းများကို ရေဆေးရင်း မျက်ရည်တို့သည် ပန်းများ ပေါ်သို့ ကျလာကြ၏။

နိုင်ငံရေးသမားကို မညားရသေး၊ ချစ်ရသောဒုက္ခပင်လျှင် ကြီးလှစွာ၏တကား။

မတ်လကုန်ခါနီးတွင်ပင် ဟယ်လ်ပင်လမ်းအိမ်သို့ ပြောင်းလာခဲ့၏။ ကြို့ကုန်းအိမ်တွင်မူ အစောင့်လင်မယား ထားခဲ့ပေသည်။

ပြောင်းသည့်နေ့က အိမ်နောက်ဘက် တောတန်းလေးကို အပြေးအလွှား သွားကြည့်ရသေးသည်။ သစ်ရွက်ခြောက်များသည် လမ်းလေး

mgyoe.com

mgyoe.com


ပေါ်တွင် ပြန့်ကြဲနေပေသည်။

ရွက်ကြွေနေသော လိမ်ပင်ကြီးက "မင်းတစ်ယောက်တည်း လာသလား" ဟု ဆီးကြိုမေးသလို ရှေ့တွင် မားမားကြီး တွေ့လိုက်ရသည်။

"သွားတော့မယ်နော်၊ အားလုံးပဲ သွားတော့မယ်"

ကျွန်မသည် အရူးလို တိုးတိုးလေးရေရွတ်ကာ သစ်ပင်၊ ပန်းပင်များကို နှုတ်ဆက်မိ၏။ ဇလပ်စကြာပင်ကမူ သွေ့ခြောက်သောနွေမှာပင် အပွင့်များ ပွင့်နေဆဲဖြစ်ပေသည်။

ကိုကိုအောင် တောမခိုသေး... ဟူ၍သာ သိနေရသည်။ တစ်ယောက်နှင့်တစ်ယောက် မတွေ့ရပေ။

နွေပင်ကုန်၍ မိုးတစ်ပြိုက် ပထမဆုံး ရွာကျလာ၏။ ကျွန်မသည် တောလမ်းလေးရှိရာသို့ သွားချင်သည်။ ဟယ်လ်ပင်လမ်းရှိအိမ်မှာ ကြို့ကုန်းအိမ်လောက် မကြီးသော်လည်း ခြံလေးနှင့် အိမ်လေးမှာ သားအဖသုံးယောက်အတွက် အနေတော်ပင် ဖြစ်သည်။

မာလီ ပြုပြင်ထားသော အိမ်ရှေ့ခြံမျက်နှာစာမှာ မိုးတစ်ပြိုက်အရွာတွင် စိမ်းသောမြက်ခင်းပြင်နှင့် လှပသော်လည်း တောလမ်းလေးရှိ သဘာဝသစ်ပင်များလောက် ကျွန်မစိတ်ကို မလှုပ်ရှားစေနိုင်ပေ။

မိုးမှာ ပထမအကြိမ် စွတ်ရွံရွာပြီးနောက် နောက်တစ်ပတ်ထဲတွင် သဲသဲမဲမဲ ရွာကျလာသည်။ ပိတောက်ပွင့်များပင် မိုးရေဒဏ်ကြောင့် အပင်မှအားလုံးလို ပြုတ်ကြွေကာ မြေပြင်တွင် ဝါဝင်းနေတော့သည်။

အိပ်ခန်းပြတင်းထဲမှ ပိတောက်ပွင့်ဖတ်တို့ ပြုတ်ကြွေကျပုံကို အရေးတကြီးလိုပင် စူးစိုက်ကြည့်နေမိ၏။ နေရောင်လည်း တဖြည်းဖြည်း ကွယ်ပျောက်သွား၏။ အလင်းရောင်မှိန်သွားသည်အထိ မိုးမှာ ရွာဆဲဖြစ်ပေသည်။

"မခင်ယု... မေမေက ဧည့်သည်လာနေလို့ အပြင်လာခဲ့ပါဦးတဲ့" ထမင်းချက်သူ မငယ်က လာ၍ခေါ်၏။ ကျွန်မသည် ဧည့်ခန်းသို့ ထွက်လာခဲ့၏။ ဧည့်ခန်းထဲတွင် ကိုကိုအောင့်မေမေကို မြင်ရသောအခါ ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။

mgyoe.com

mgyoe.com


"မခင်ယု... သမီးရေ"

အဘွားကြီးသည် ကျွန်မကိုဟစ်ခေါ်ကာ ငိုပါတော့သည်။ ကျွန်မသည် ဘာမှလည်းမမေးနိုင်၊ သူ့အပါးတွင်ထိုင်ရင်း ကျွန်မပါ မျက်ရည်ဝိုင်းလာ၏။ သူ့လက်ထဲတွင် စာလေးတစ်စောင်ကို ကျစ်အောင် ဆုပ်ကိုင်ထားလေသည်။

"မင်း... ကိုကိုအောင် တောခိုသွားပြီ သမီးရဲ့"

ကျွန်မမျက်လုံးမှ မျက်ရည်များ တပေါက်ပေါက် ကျလာ၏။ ဒီတစ်ခါ ကျွန်မသည် စိတ်မထိန်းနိုင်ပေ။ ဟန်လုပ်မရ။ လူကြီးများရှေ့တွင် ငိုချလိုက်၏။

"တစ်နေ့ပြန်လာမှာပေါ့ ဒေါ်သွယ်ရယ်၊ စိတ်အရှိန်ဆိုတာ ပြင်းပြင်းထန်ထန်ဖြစ်လာတဲ့အခါ ဘယ်သူမှ တားလို့မရဘူး"

မေမေက အဘွားကြီးကို နှစ်သိမ့်နေသည်။

"သမီးကလည်းကွယ်၊ ကလေးဆန်လိုက်တာ၊ ကြီးကြီးကိုတောင် သမီးက အားပေးရမှာ၊ ဘယ့်နှယ် ရောငိုနေသလဲ"

"သမီးငိုချင်တယ် မေမေ၊ သိပ်ငိုချင်တာပဲ"

အဘွားကြီးသည် မျက်ရည်များကို တို့လိုက်ပြန်၏။

"ရော့... သမီးဖို့ စာပေးသွားတယ်၊ နွေကတည်းက တစ်ပါတည်း တောခိုဖို့ကိစ္စရှိလို့ဆိုလား၊ ဟိုရှောင်ဒီတိမ်းနဲ့ နေရစ်ခဲ့တယ်၊ ဒီစာလည်း မောင်ထွန်းမောင်နဲ့ ပေးခဲ့တယ်"

အဘွားသည် သူ့လက်ထဲမှ စာကို ကျွန်မသို့ ကမ်းပေး၏။

"ကိုထွန်းမောင်က တောမခိုဘူးလား"

"မခိုဘူးလေ၊ သူလည်း အသာရှောင်နေတယ်။ တော်လှန်ရေးတုန်းကလည်း သားကသာ ထွက်သွားတာ၊ သူက သူ့မိန်းမမျက်နှာမြင်စရာရှိလို့တဲ့၊ နေရစ်တယ်လေ။ မျက်နှာမြင်တာကလည်း တော်လှန်ရေးအစက အဆုံးပဲ၊ ခုလည်း သူ ပါမသွားဘူး"

ကျွန်မအဖို့ ထိုကိစ္စများသည် ဘာမျှအရေးမကြီးတော့။ စာကိုယူကာ အိပ်ခန်းသို့ ထွက်လာခဲ့သည်။ စာအိတ်ကိုဖောက်စဉ် လက်များ

mgyoe.com

mgyoe.com


က တုန့်ယင်နေတော့သည်။ စာကိုမြင်လျှင်မူ ရုတ်တရက် ဖတ်၍ မရ သေးပေ။ မျက်ရည်စဲအောင်စောင့်ပြီးမှ စာလုံးများမှာ ဝိုးတိုးဝါးတား ပေါ်လာတော့သည်။

ယု...

ဒီစာကို ဖတ်ချိန်မှာ ယု မျက်လုံးထဲ မျက်ရည်တွေ ပြည့်နေ လိမ့်မယ်။ အငိုသန်သူ မိန်းကလေးကို သနားလိုက်ပါသေးရဲ့ ကွယ်။

နွေတုန်းက ပါတီကို မတရားအသင်း ကြေညာစကတည်း က ယု စိတ်မချမ်းသာမှာစိုးလို့ ကိုကိုအောင် မလာခဲ့ဘူး။ ခု အပြီးအပိုင် သွားရတော့မှာမို့ ဒီစာကို ရေးခဲ့တယ်။

ဘယ်တော့ တော်လှန်ရေးဟာပြီးလို့ ဘယ်အချိန် ပြန်တွေ့ ရမယ်ဆိုတာကတော့ မပြောနိုင်ဘူးပေါ့။ ဒီတော့ နှစ်ယောက် ပြန်တွေ့ဖို့ အချိန်ကလည်း မမှန်းဆနိုင်ဘူး။

စိတ်ချင်းမတူတဲ့ ယုကို ကိုကိုအောင် ဘာလို့ချစ်ခဲ့မိပါလိမ့်။ အမှန်တော့ ကိုကိုအောင်နဲ့ ယုက တစ်ဘဝစီပဲ။

ဒါတွေကို မရေးပြချင်တော့ဘူး။ ကိုကိုအောင် ဘယ်ကိုပဲ ရောက်လို့ ဘယ်ဘဝမှာပဲနေနေ ယုကိုတော့ မမေ့ပါဘူး။

ဗုဒ္ဓဘုရားရှင်ရဲ့ အဘိဓမ္မာကို လေးလေးနက်နက်ယုံကြည် ပြီး ယုကလည်း ငြိမ်းချမ်းရေးကို ရှာနေသူပဲ။

ကိုကိုအောင်ကလည်း ကွန်မြူနစ်ဝါဒကို လေးလေးနက်နက် ယုံကြည်ပြီး ငြိမ်းချမ်းရေးကို ရှာနေတာပဲ။

"ဩော်... တို့များနှစ်ယောက် ငြိမ်းချမ်းရေးကို အပြိုင်ရှာနေ ကြပါလျက်နဲ့ ဘာလို့များ မဆုံမိကြပါလိမ့်။ ယု ရေးတဲ့ဝတ္ထု ကို ကိုကိုအောင် ဘယ်တော့မှ မမေ့ဘူး။ 'မျဉ်းပြိုင်နှစ်ကြောင်း' လေ။

ဒါပါပဲ ယု။ မေမေ စိတ်အားသိပ်ငယ်တဲ့အခါ ကိုကိုအောင့်

mgyoe.com

mgyoe.com


ကိုယ်စား အားပေးလိုက်ပါ။ ကိုကိုအောင့်ကိုတော့ ခွင့်လွှတ်ပါကွယ်။

ချမ်းမြေ့ရွှင်လန်းပါစေ။
ယုရဲ့... ကိုကိုအောင်

စာဖတ်ပြီးသော် စာလုံးများသည် မင်များပြား၍ပြား၍သွား၏။ ကျွန်မ မျက်ရည်ဖြင့် စာကား စိုစွတ်၍နေပေသည်။ အပြင်မိုးသည် သဲသဲမဲမဲ ရွာကျလာ၏။ ကျွန်မသည် ဧည့်ခန်းသို့ ပြန်မသွားတော့။ အိပ်ရာပေါ်သို့ နွမ်းလျစွာ ခွေလှဲလိုက်ပါတော့သည်။

*

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့။

အင်းစိန်တွင် ကရင်တို့နှင့် အစိုးရတပ် အပြင်းအထန် တိုက်ပွဲဖြစ်ပွားချိန်တွင် ဖေဖေသည်လည်း အိပ်ရာပေါ်တွင် လဲနေတော့သည်။ မေမေရော ကျွန်မပါ ဖေဖေ့အပါးမှ မခွာကြ။ ညဘက်တွင် မေမေ့ကို အိပ်စေကာ ဖေဖေ့အနားတွင် ကျွန်မတစ်ယောက်တည်း လူနာစောင့်၏။ သေနတ်သံများသည် ညဦးတိတ်ဆိတ်ချိန်တွင် ပိုမို၍ ကျယ်လောင်စွာ ကြားနေရပေသည်။

ဖေဖေက မော်တာသံကြားတိုင်း လေသံလေးနှင့်ပင် "မကြောက်နဲ့ နော်သမီး၊ မကြောက်နဲ့" ဟု ပြောနေ၏။

အိပ်ရာပေါ်တွင် လဲနေသော်လည်း ဖခင်ရှိသည်ဆိုသောအသိမှာ ကျွန်မတို့ သားအမိနှစ်ယောက်ကို အားရှိစေပေသည်။

နောက်နေ့မနက်တွင် မေမေက ဆက်၍ လူနာကို စောင့်၏။ ကျွန်မသည် အိပ်ရာခန်းသို့ ပြန်လာကာ ညက တစ်ညလုံး အိပ်မရသောကြောင့် လှဲအိပ်လိုက်တော့သည်။ မွန်းတည့်လောက်တွင် ကျွန်မ ပြန်နိုးလာ၏။ မျက်လုံးဖွင့်လိုက်လျှင် မငယ်သည် ကျွန်မအပါးဝယ် ရပ်နေသည်ကို တွေ့ရ၏။

"မေမေ ခေါ်နေတယ်"

mgyoe.com

mgyoe.com


ကျွန်မသည် ဖေဖေ့အိပ်ခန်းသို့ ဝင်လာခဲ့၏။ မေမေနှင့် ဆရာဝန်သည် ခုတင်ဘေးတွင် ထိုင်နေကြ၏။ ဖေဖေသည် ငြိမ်ငြိမ်သက်သက်ပင် အိပ်ပျော်နေသည်။ မေမေ့မျက်နှာကို ကြည့်လိုက်လျှင် မျက်ရည်များ ပါးပြင်တွင် ရွှဲနေသည်။

"မေမေ..."

ကျွန်မက မေမေ့အပါးကပ်အသွားတွင် မေမေက ခေါင်းခါပြ၏။

"ဟင်... ဖေဖေအိပ်နေတာ မဟုတ်ဘူးလား"

မေမေသည် ယခုမှပင် လက်ဝါးကို မျက်နှာအုပ်ကာ ရှိုက်၍ ငိုတော့သည်။ ကျွန်မ ဖေဖေ့အပါးသို့ တိုးကပ်သွား၏။ ဖေဖေသည် အိပ်ပျော်နေသလိုပင် ငြိမ်သက်နေသည်။

"သမီး ထွက်သွားကတည်းက မင်းဖေဖေ အိပ်နေရစ်တယ်၊ တစ်ခါမှ မနိုးလာဘူး၊ ဒါကြောင့် ဆရာဝန်ကို လှမ်းခေါ်လိုက်တယ်၊ ခုထိ သူ မနိုးလာတော့ဘူး"

မေမေက တရှုံ့ရှုံ့နှင့် ဆက်၍ငိုတော့သည်။ ကျွန်မရင်ထဲတွင် ရုတ်တရက် မငိုနိုင်သေး။ အားတော့ အလွန်ငယ်သွားမိပေသည်။ ဖေဖေသည် ဘယ်တော့မှ မနိုးလာတော့ပေ။

မေမေကတော့ ကရင့်လက်ထဲမှ အင်းစိန်ကို ပြန်လည်သိမ်းပိုက်ပြီးသော်လည်း ကြို့ကုန်းအိမ်သို့ ပြန်၍မသွားတော့ပေ။ သားအမိနှစ်ယောက်တည်း ဟယ်လ်ပင်လမ်းအိမ်တွင် ဆက်နေကြပေသည်။

နောက်နှစ် ကျောင်းပြန်ဖွင့်ချိန်တွင် ကျောင်းတက်ရသော်လည်း ကျွန်မ စိတ်မပါတော့ပေ။ အစစ အရာရာ မေမေ စိတ်ချမ်းသာပါစေတော့ဟူသော သဘောနှင့် လှုပ်ရှားနေရသော်လည်း စိတ်ထဲမှာ ဘာကိုမျှ ဝင်ဝင်စားစား မရှိပေ။

တစ်ညနေ ကျောင်းပြန်ချိန်တွင် မေမေက ဆီးကြိုပြော၏။

"ကားနဲ့ တစ်ဆက်တည်း အင်းစိန်က မောင်အောင်နိုင်အမေ့ဆီကို သွားလိုက်ပါဦး သမီးရယ်"

"ဘာဖြစ်လို့လဲ မေမေ"

mgyoe.com

mgyoe.com


"ဒေါ်သွယ် တော်တော်စိတ်မချမ်းမသာဖြစ်နေတယ်၊ မောင်အောင်နိုင် တောမှာပဲ ကွန်မြူနစ်ပါတီဝင် မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်တယ်"

"ဟင်..."

ကျွန်မသည် ကြောင်၍သွား၏။

"မေမေ ဘယ်ကသိလဲ"

"ဒေါ်သွယ်က အပြောခိုင်းလိုက်တယ်၊ သူလည်း အိပ်ရာထဲ လဲနေတယ်၊ သမီးက သွားအားပေးရမှာနော်၊ ရောလည်း ငိုမနေနဲ့ဦး"

ကျွန်မသည် စာအုပ်များကို စာကြည့်ခန်းစားပွဲပေါ်သို့ ပစ်တင်လိုက်၏။ မေမေ့ကို ဘာမျှမပြောဘဲ အိမ်ရှေ့ရှိ ကားရှိရာသို့ တစ်လှမ်းချင်း ဆင်းသွားမိသည်။ လောကကြီးတွင် အရှုံးနှင့် တွေ့ရတော့လည်း ဆက်တိုက်လိုပင် တွေ့တတ်ပါကလား။ အငိုသန်သူသည် ဖေဖေဆုံးကတည်းက ငို၍မရ။ ယခုလည်း ငို၍မရပါ။ ရင်ထဲကမူ အောင့်၍လာကာ တုန်တုန်ယင်ယင် ဖြစ်လွန်း၍ လက်ဖြင့် ရင်ဝကိုထောက်ထားမိ၏။ ကားနောက်တွင် ထိုင်ရင်းသာ ပါသွားသည်။ အသက်က မှန်မှန်ရှူမရသလိုဖြစ်နေသည်။ မေမေသည် မသိချင်ယောင်များ ဆောင်နေသလား။ သမီးတစ်ယောက်အမေအနေနှင့်တော့ ကျွန်မတို့အမူအရာများကို မေမေ ရိပ်မိမည်သာဖြစ်၏။ သို့သော် မေမေသည် သိသင့်သည်မထင်၍ မသိချင်ယောင်ဆောင်နေခြင်းသာ ဖြစ်ပေလိမ့်မည်။

အင်းစိန်အိမ် ရောက်လျှင် မျက်ရည်သွယ်သွယ်ကျနေသော အဘွားကြီးအား ကျွန်မသည် ဟန်မပျက် အားပေးနေရပေသည်။

အဘွားကြီးသည် သူ အလွန်ကြိုက်နှစ်သက်သော ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုပင် ဖွာရှူလိုသောစိတ် ရှိပုံမရတော့ပေ။ အိပ်ရာပေါ် ပစ်လဲနေတော့၏။ ယခင်က အိုပြီဆိုသော်လည်း အလှဟန် မပျက်သေးသော မျက်နှာမှာ ယခုအခါတွင်မူ အလွန်ပင် အိုမင်းဟန် ပေါက်နေ၏။ နဖူးကျယ်ကြီးမှာ ပြောင်ချောချောဖြစ်ကာ ပါးရေများမှာ တွဲရရွဲပုံကျနေတော့သည်။

mgyoe.com

mgyoe.com


"သားပြန်လာတော့မှာ မဟုတ်တော့ပါဘူး"

ထိုစကားလုံးများကိုသာ သူသည် ခဏခဏပြောနေတော့၏။

"ကြီးကြီးထင်သလို မဟုတ်သေးပါဘူး၊ တစ်နေ့ သူပြန်လာမှာ ပေါ့ ကြီးကြီးရယ်"

ဆွေးကြတာချင်း တူသော်လည်း ကျွန်မမှာ ငယ်သောသူဖြစ်၍ စိတ်တင်းကာ အဘွားကို နှစ်သိမ့်ရ၏။

"မလာပါဘူး သမီးရယ်၊ ဘယ်တော့မှ မလာတော့ဘူး၊ သူက ဟိုမှာ မိန်းမရနေပြီ"

"မိန်းမရတာနဲ့ ပြန်မလာဘဲ နေမှာမဟုတ်ပါဘူး ကြီးကြီးရယ်၊ ခု ကြီးကြီးရဲ့ကျန်းမာရေးက အရေးကြီးပါတယ်၊ မေမေကလည်း ကျွန်မ ကို လွှတ်လိုက်တာ ကြီးကြီးကို ကြည့်ဖို့ပဲ၊ ကြီးကြီး စိတ်ပြေလက်ပျောက် ကျွန်မတို့အိမ် တစ်လှည့်လိုက်နေပါဦးလား"

သူသည် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်၏။ ကျွန်မသည် ဖွင့်ဟပြောခွင့်ရလျှင် ပြောချင်၏။ အဘွားလွမ်းမည်ဆိုက လွမ်းထိုက်ပါ၏။ မိခင်ပေကိုး။ မိခင်ဟူသောအဖြစ်ကြောင့် သူဆယ်မယားပင် ရပေစေ၊ အဘွား အသက်ရှင်နေခဲ့ပါလျှင်၊ သူ အသက်ရှင်နေခဲ့ပါလျှင် တစ်နေ့ အဘွားရင်ခွင်တွင် ပြန်လည်၍ သူ ဝင်ခိုရမည်သာဖြစ်၏။ ကျွန်မအဖို့ ကတော့ 'ဝေးကွာခြင်း' အဏ္ဏဝါသည် ပို၍ပို၍ ကျယ်ပြန့်လာခဲ့၏။ ပြန်၍တွေ့ဆုံကြဦးတော့၊ သူသည် ကျွန်မရင်ခွင်ကို မမင်တော့ပေ။ အမေ့ လို ကျွန်မမှာ ရင်ခွင်ကို အဆင်သင့်ပြင်၍ စောင့်နိုင်အောင် ပိုင်ဆိုင်ခွင့် မရှိပါတကား။

ကိုကိုအောင်က အနိုင်နှင့် ပိုင်းသွားခြင်းဖြစ်၏။ ကျွန်မအဖို့တွင် မူ ထပ်ကာထပ်ကာ ဆုံးရှုံးမှုကို တွေ့ရခြင်းအတွက် ငယ်စိတ်ပီပီ အရူး အမူး ဖြစ်မိသည်။

"သမီးငယ်သေးသည်" ဆိုသော ဖေဖေ့စကားလုံးများကို ကြား ယောင်လာသည်။ ယခုတော့ ကိုကိုအောင်က ပန်းအလှများကို အတူ ယှဉ်တွဲကြည့်နိုင်ခြင်း၊ မိုးဦးနေခြည်အလှကို အတူအရသာခံနိုင်ခြင်းတို့

mgyoe.com

mgyoe.com


မှာ လက်ထပ်ခြင်းဆိုသည်နှင့် အဓိပ္ပာယ်တခြားစီဖြစ်ကြောင်းကို ကျွန်မအား ပြသသွားပေပြီ။

နောက်ဆုံးတော့ ဘုရားရှင်ထံပါးတွင် ကျွန်မသည် စိတ်ချမ်းငြိမ်မှုကို ရှာရပြန်တော့သည်။ သို့သော် ပန်းလဲတိုင်း၊ ပရိတ်ရွတ်တိုင်း၊ စိပ်ပုတီးစိပ်တိုင်း သူ့ကို သတိရ၏။

"ကွန်ဆာဗေးတစ်မကြီး"

"အပြောင်းအလဲ ဘာမှမရှိဘူး"

"၁၄ ရာစုနှစ်က ပဒေသရာဇ် မြေရှင်မြို့စားကြီးသမီး"

ထိုစကားလုံးများမှာ ကျွန်မအပေါ်တွင် သူကပ်၍ရွတ်နေသလို ကြားနေပြန်သည်။

မှန်ပါသည်၊ သူကတော့ ပြောင်းလဲနိုင်သူပေကိုး။ ကျွန်မကမူ မပြောင်းမလဲနိုင်ပါ။ ပြောင်းလဲနိုင်သူများ ပြောင်းလဲကြပါစေ။

*

နောက်ပိုင်းတွင် မေမေက ကျောင်းဆက်၍နေခွင့်မပြုတော့ပေ။ အားလုံးအကြောင်းများကို စုပေါင်းလိုက်သော် အဖြေမှာ ကျွန်မ ဦးဖေဝင်းကို လက်ထပ်ဖို့ အကြောင်းဖြစ်လာတော့သည်။

ထုံးစံအတိုင်း သမီးတစ်ယောက်၊ အမေတစ်ယောက်မို့ မေမေစီမံရာကို ခံရမည်ဖြစ်၏။

ကျွန်မ ရင်နာလှသည်။ ကျွန်မတို့မှာ မိန်းမသားသာဖြစ်သည်။ တကယ်ချစ်လာလျှင် မိဘကို စုံကန်၍ပြေးရဲသောသတ္တိရှိသည်။ သို့သော် ကိုယ့်ချစ်သူက နောက်မှ မားမားမရပ်သောအခါတွင်မူ ကျွန်မတို့ ဘယ်လိုလုပ်၍ စွန့်ရပါမည်နည်း။

ယခုတော့ တအုံ့နွေးနွေးစိတ်ကို ရင်ထဲတွင် မျိုသိပ်ကာ 'လင်ယူခြင်း' အလုပ်ကို လုပ်ရပေမည်။ ထိုစကားလုံးကို ကျွန်မ သုံးခြင်းမှာ ရင့်သီးကောင်း ရင့်သီးမည်ဖြစ်သော်လည်း တကယ်တော့ အလုပ်တစ်ခုလို 'လင်ယူခြင်း' ကို လုပ်လိုက်ခြင်းသာဖြစ်၏။ ထိုစဉ်က အတွေးကို

mgyoe.com

mgyoe.com


သာ ဦးဖေဝင်း သိပါလျှင် ရင်ကျိုးမည်သာ ဖြစ်သည်။ သူ့အပေါ်တွင် ကျွန်မ မတရားပါ။ အင်မတန်ပွင့်လင်းသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့သော်လည်း ဒီတစ်ခါတွင်မူ ဦးဖေဝင်းအား ကိုကိုအောင်နှင့် ချစ်ခဲ့ကြောင်းကို ဖွင့်၍မပြောခဲ့ပေ။ အရင်းနှီးဆုံးသော ယောကျ်ားမိတ်ဆွေ ဖြစ်ကြောင်းကိုမူ သူ သိ၏။

သူနှင့် ကိုကိုအောင်သည်လည်း ကျောင်းမှာ မိတ်ဆွေဖြစ်ခဲ့သည် ဆို၏။ ကျွန်မနှင့်လက်ထပ်ချိန်တွင် သူသည် အတွင်းဝန်ရုံးသို့ အတွင်းဝန်လေးအဖြစ် ပြောင်းလာရချိန်ဖြစ်ပေသည်။

လက်ထပ်ပြီးချိန်တွင်မူ မေမေက ဘယ်သဘောနှင့်မှန်းမသိ၊ ကျွန်မ မင်္ဂလာအဝတ်များ လဲရာသို့ ရောက်လာကာ...

"ခုလို ချောချောမောမောဖြစ်အောင် သမီးနာခံလို့ မေမေ ကျေးဇူးတင်ပါတယ်" ဟု ပြောသွားပေသည်။

*

ယခုတော့ မိုးဦးသို့တိုင်လျှင် မြက်နုလေးများ နိုးကြွလာရသလို ကျွန်မ၏ တမ်းတတတ်သော စိတ်မှာလည်း မိုးသက်လေနှင့်အတူ လှုပ်ရှားလာမြဲဖြစ်၏။

ပြတင်းအပြင်တွင် မှောင်နေမြဲဖြစ်၏။ မိုးသံမူ စဲ၍သွားပေပြီ။ ကျွန်မသည် ပြတင်းမှခွာကာ ခုတင်ရှိရာသို့ လျှောက်လာခဲ့၏။ ခုတင်ပေါ်တွင် ငြိမ်သက်စွာ လှဲနေမိသည်။

အောက်ထပ်တွင်မူ ဦးဖေဝင်းသည် ရေဒီယို ဖမ်းယူနားထောင်နေဟန်ရှိပေသည်။ ကျွန်မကတော့ တွေးမဆုံး တောမဆုံးဖြစ်နေတော့သည်။

ခဏကြာတွင်မူ ကို့ခြေသံကို တံခါးဝမှ ကြားရ၏။

"အခန်းကြီးကလည်း မှောင်လို့ပါလား ယု၊ နေလို့ကောင်းရဲ့လား၊ ဆေးလိပ်ချပေးပြီး ဘယ်ပျောက်သွားလဲလို့"

ကိုသည် စကားပြောဝင်လာရင်း မီးကိုဖွင့်လိုက်၏။ ကျွန်မအပါးသို့ကပ်လာကာ လက်ကို ဆုပ်ကြည့်၏။

mgyoe.com

mgyoe.com


"လက်ဖျားတွေ အေးနေတယ်၊ အောက်ဆင်းနိုင်လား၊ ကိုအောင်နိုင်ကြီး ရေဒီယိုထဲက စကားပြောမလို့တဲ့"

"ဟင်..."

ကျွန်မသည် ငေါက်ခနဲထထိုင်၏။

"သူ ဘယ်တုံးက ရောက်လာလို့လဲ"

"နက်ဖြန်လောက် သတင်းစာထဲ ပါလာမှာပေါ့။ ခုတော့ အလင်းရောက် ကိုအောင်နိုင်က စကားပြောမယ်လို့ ကြေညာတာပဲ။ သူ ရောက်နေတာ ကြာနေပြီလားမှမသိ။ ကိုတို့ကသာ မသိတာကိုး။ လာလေ ယု အောက်သွားနားထောင်ရအောင်"

ကျွန်မနှင့်ကိုသည် အောက်ထပ်သို့ ပြန်ဆင်းလာကြ၏။ ရေဒီယိုနားတွင် မေမေ ထိုင်နေသည်ကို တွေ့ရသည်။

"တို့မောင်အောင်နိုင်ပဲ ဖြစ်မှာပဲ သမီး၊ သူ လက်နက်ချလာပြီနော်၊ ဒေါ်သွယ်ကြီးတော့ ဝမ်းသာလိုက်မယ့်ဖြစ်ခြင်း"

မေမေ့ဟန်ကပင် အတော်ဝမ်းသာနေဟန် ရှိပေသည်။

အချိန်ကျ၍ ရေဒီယိုထဲမှ သူ့အသံပေါ်လာသည်။ သူမှ သူပဲ ဖြစ်ပါသည်။ ထိုအသံကို ကျွန်မ ဘယ်ခါမေ့ပါမည်နည်း။ သူပြောသော အကြောင်းအရာမှာ ဗုဒ္ဓအဘိဓမ္မာနှင့် ကွန်မြူနစ်ဝါဒကို ယှဉ်တွဲပြောပြနေခြင်းဖြစ်၏။

"သူ ဒါတွေပြောတယ်"

ကျွန်မသည် ကို့မျက်နှာကို မော့ကြည့်ကာ ခပ်ကြောင်ကြောင်လေး ပြောလိုက်မိ၏။

"ယုကလည်း ဘာဖြစ်လို့လဲ၊ သူ တစ်ခါက ကွန်မြူနစ်ဝါဒကို လက်ခံစွဲမြဲ ယုံကြည်ခဲ့ပေမဲ့ ယခု သူ ယုံကြည်ချင်မှ ယုံကြည်တော့မပေါ့"

ကျွန်မသည် ခေါင်းတညိတ်ညိတ်နှင့် ခပ်ကြောင်ကြောင်ပင် ဆက်၍ နားထောင်နေမိသည်။ ဘာကြောင့် ဒီမေးခွန်းမေးမိသည်ကိုမူ ပါးစပ်မှ ရှင်းမပြတတ်ပေ။ စိတ်ထဲကမူ တစ်မျိုးကြီး ခံစားမိပေ၏။

*

mgyoe.com

mgyoe.com


၁၉၅၉ ခုနှစ်၊ ဇွန်လ။

မိုးဦးကျချိန်ဖြစ်၍ သားအမိနှစ်ယောက် ခြံထဲတွင် မြက်ရှင်းနေကြပေသည်။ မာလီ ခုတ်ပြီးသော မြက်များကို သယ်ယူကာ တူးထားသော ကျင်းထဲသို့ ကျွန်မနှင့် မေမေ သယ်၍ချကြ၏။

"သူ ဒါတွေလုပ်ရရင် ပျော်လို့"

မေမေက မြက်ရှင်းရင်းမှ ဖေဖေ့ကို တမ်းတသံနှင့် ပြောနေပေသည်။

"အဲဒီတုန်းကသာ လူငယ့်အစည်းအရုံး ဆက်တည်နေရင် ခုလို အမှိုက်ရှင်းဖို့ တာဝန်သိတတ်ဖို့ အစိုးရက တရကြမ်းခိုင်းနေဖို့တောင် မလိုပါဘူးကွယ်"

"နှစ်ဖက်လုံး အပြစ်ရှိကြတာပဲ မေမေ၊ ပါတီနှစ်ခုလုံးကို ခုနေပြောရင် သူ့လွဲချ၊ ငါ့လွဲချ ပြောကြမှာပဲ"

မာလီသည် ကျွန်မတို့ စကားပြောနေစဉ် အနားရောက်လာ၏။

"ခြံဝမှာ ဧည့်သည်ရောက်နေတယ် မမ"

"ကျွန်မသည် မြက်များကို လက်မှခါ၍ ခြံဝသို့ သွားကြည့်မိ၏။

"အလို..."

ကျွန်မက အံ့ဩသံနှင့် အာမေဍိတ် ပြုသော်လည်း ခြံဝကလူမှာ ကျွန်မကို ကြောင်ကြည့်နေဆဲဖြစ်သည်။ ကျွန်မသည် ဝင်းတံခါးကို ဆွဲဖွင့်လိုက်၏။

"ခင်ဗျား ဒီမှာ ကျွန်တော် ပန်းချီဆရာ မိုးသူလေ၊ မှတ်မိသေးလား"

သူက ခုမှ စကားစပြော၏။

"မှတ်မိပါတယ်၊ အိမ်ထဲကိုကြွပါ"

ကျွန်မသည် သူ့ကို အိမ်ထဲသို့ခေါ်သွား၏။ ဧည့်ခန်းတွင် ထိုင်ရင်း ဟိုဟိုဒီဒီ ကြည့်၏။

"ကျွန်တော်က အတွင်းဝန်လေး ဦးဖေဝင်းနဲ့ တွေ့ချင်လို့လာတာ၊ ဘယ်နှယ် ခင်ဗျားက ဒီရောက်နေလဲ"

mgyoe.com

mgyoe.com


ကျွန်မသည် ပြုံးရယ်လိုက်ရ၏။

"ကျွန်မက ဦးဖေဝင်းရဲ့ ဇနီးပဲ"

သူသည် သူ့လက်ထဲမှ စာရွက်လိပ်ကို ချလိုက်၏။

"ဝမ်းသာလိုက်တာဗျာ တွေ့ရတာ၊ ကျွန်တော် တစ်ခါတစ်ခါ ခင်ဗျားကို သတိရသား၊ ကျွန်တော့်အမှုကိစ္စက ပြည်ထဲရေးနဲ့ဆိုင်လို့ ဦးဖေဝင်း မေးချင်လို့လာတာ"

"ဟင်... ကိုမိုးသူက ဘာမှုဖြစ်နေလို့လဲ"

"ဘာလဲမသိပါဘူးဗျာ၊ အာမခံနဲ့ မတ်လက လွတ်လာတယ်၊ ကျုပ်လည်း ကိုယ့်ကိုယ်ကိုယ် မသိပါဘူး"

သူ့ဖြေဟန်မှာ အူကြောင်ကြောင် နိုင်လှသည်။

"ခုနေခါ ကွန်မြူနစ်ကို အပြင်းအထန် နှိမ်နင်းနေချိန်မှာ ရှင့်လို လူတစ်ယောက် ဘာဖြစ်လို့ မကောင်းစားသေးတာလဲ"

သူသည် ဟက်ဟက်ပက်ပက်ရယ်၏။

"ကွန်မြူနစ်ကို တိုက်နေတယ်လား။ ကျုပ် မသိပေါင်ဗျာ။ ကျုပ်က ကွန်မြူနစ်လည်း ဘယ်တော့မှမဖြစ်ဘူး။ ကျောင်းမှာ ဒီအက်စ်အိုနဲ့ တိုးတက် အကြိတ်အနယ် အတိအလင်း မချခင် ခေတ်ကတည်းက ကျုပ်က ကွန်မြူနစ်ကို တစ်ယောက်တည်း တိုက်လာတာ ခင်ဗျားအသိပဲ။ ခုလည်း ဘာလို့အဖမ်းခံရလဲမသိ"

သူသည် ရယ်လိုက်ပြန်၏။

"ကောင်းစားတယ်ဆိုတာ နည်းလမ်းလည်းရှိသေးထင်ပါ့ မခင်ယု ရယ်။ အဲဒီနည်းလမ်းတွေလည်း ကျုပ်က မလိုက်ချင်ဘူး။ ခု ဘီအေ အောင်ပြီးကတည်းက ကမာရွတ်တဲမှာပဲ ပန်းချီဆွဲစားနေတယ် မိန်းမ ကလည်းလေ ပြောရဦးမယ်။ မခင်ယုကို ပြောပြောနေတဲ့ ချင်းသုပ်သည် မလေးကိုပဲ ယူလိုက်တယ်"

သူသည် ဝမ်းသားအားရ ပြောပြနေ၏။

"သြော်... ဟုတ်လား၊ စိတ်ချင်းတူရင် ပြီးကြတာပါပဲ"

"အေးလေဗျာ၊ ကျုပ်ဘဝက ခင်ဗျားလို မိန်းကလေးမျိုး ယူလို့

mgyoe.com

mgyoe.com


ကော ခင်ဗျားအဖေကြီးထားသလို အဆင့်အတန်းမျိုး ကျုပ်မှ မထားနိုင်ဘဲ”

သူ့စကားမှာ နာသာခံခက်ကြီးဖြစ်၏။

“ချင်းသုပ်သည်ကတော့ အားလုံး ကိစ္စပြီမ်းတယ်။ သူက ကျောင်းမှာ ချင်းသုပ်ရောင်းတုန်းပဲ။ ကျုပ်က ပန်းချီဆွဲတယ်လေ။ ခင်ဗျား ခု ကျောင်းဘက် မရောက်ဘူးလားဗျာ။ မာလာဆောင်နောက်မှာ သူ ချင်းသုပ်ရောင်းတုန်းပဲ။ ဒါပေမဲ့ အရင်ကလိုတော့ သူ မလှတော့ဘူး။ သူ့ပန်းချီကားကတော့ ကျုပ်တဲနံရံမှာဆွဲထားတယ်။ ကလေးက နှစ်ယောက်ရပြီကိုး”

သူ့ပြောစကားများကို နားထောင်ရင်း ကျွန်မ ပြုံးမိ၏။ သူ့ချင်းသုပ်သည်လေးကို သူ အတော်ချစ်ဟန်ရှိပေသည်။ အားရပါးရ စိတ်ဝင်ဝင်စားစား ပြော၏။

မငယ်က ကော်ဖီလာချ၍ သူ့ကို ကျွန်မ ကမ်းပေး၏။ စားပွဲရှိ သူ့ပန်းချီစာရွက်များကို သူ လှမ်းယူလိုက်၏။

“ခု ကြီးပွားနေတယ်ဆိုတာက ဒီလူတွေဗျ”

သူက ပန်းချီစာရွက်များကို မေးထိုးကာ ပြော၏။

“အလုပ်နှစ်ခု ကျုပ် လက်ခံခဲ့တာ။ တစ်ခုက ကိုထွန်းမောင်၊ သူက ဌာနကြီးတစ်ခုမှာ ကြီးကြီးမာစတာပဲ။ သူတို့ထုတ်တဲ့ ‘မေတ္တာမိုး’ စာစောင်အတွက် မျက်နှာဖုံးပန်းချီ လက်ခံခဲ့တယ်။ တစ်ခုက အရင် သူငယ်ချင်းပဲ၊ ကိုအောင်ဒင်။ သူက ဆိုင်းဘုတ်ချိတ်ပြီး လိုင်စင် ရောင်းစားနေလေရဲ့။ သူ့ကုမ္ပဏီက ဖိနပ်တွေ ကြော်ငြာချင်လို့ သတင်းစာထဲ ထည့်ဖို့ ဒီဇိုင်းလက်ခံခဲ့တယ်”

“ဪ... ဪ”

ကျွန်မသည် မျက်စိထဲဝယ် ကိုထွန်းမောင်နှင့် ကိုအောင်ဒင်တို့ မျက်နှာများကို တရေးရေး ပြန်မြင်လာ၏။ သို့သော် သူပြောသော သူများမှာ ကျွန်မကို လက်သီးလက်မောင်းတန်း ကြိမ်းကြသောသူများ ဟုတ်မဟုတ် မသိပေ။ သူသည် ကော်ဖီဆက်သောက်နေ၏။

mgyoe.com

mgyoe.com


"ကဲဗျာ... ရုံးကိစ္စ ခင်ဗျားပြောနေလည်း အကြောင်းမထူးပါဘူး။ ရုံးလိုက်သွားမယ်။ တွေ့ရတာ ဝမ်းသာတယ်ဗျာ။ ဒါနဲ့ ခင်ဗျား မှတ်မိသေးလား။ ကိုအောင်နိုင်လေ။ ကျွန်တော်တို့ခေတ် တက္ကသိုလ်မှာတုန်းက အဓိပတိ ကွန်မြူနစ်ကြီးလေ"

"ဟုတ်ကဲ့... ကျွန်မ သိပါတယ်"

"သူလည်း ကောင်းစားနေလေရဲ့"

သူသည် ပြောပြောဆိုဆိုနှင့် နှုတ်ဆက်ကာ ထွက်သွားတော့သည်။

ကျွန်မသည် သူနှင့် ပြန်လည်တွေ့လိုက်ရခြင်းအတွက် ဝမ်းသာရမလို ဝမ်းနည်းရမလို အကြောင်းကြောင်းနှင့် ကျန်ရစ်၏။ ညနေ ကို ပြန်လာမှပင် သူ့ကိစ္စကို မေးကြည့်ရပေတော့မည်။

ကိုကိုအောင်တစ်ယောက် ကောင်းစားနေလေရဲ့ဟူသော သတင်းကြောင့် ဝမ်းသာမိ၏။ သို့သော် ကိုကိုအောင်သည် မျက်နှာလေးဖြစ်ဖြစ်လာ၍ပြသင့်ပါသေးသည်။

မိုးမှာ တစ်နေ့လုံး မစဲအောင် ရွာနေပြန်သည်။ ကို ရုံးပြန်ချိန်တွင် ကိုမိုးသူအကြောင်းမေးရန် စိတ်ကူးထားသော်လည်း လုံးဝ သတိမေ့အောင် အကြောင်းတစ်ခုက ကြုံလာ၏။

ကို ရုံးပြန်ဆင်းချိန်တွင် ဧည့်ခန်းတွင်းမှာ ထိုင်ကာ စောင့်နေရင်းကို ဝတ်ဖို့အတွက် ဆွယ်တာတစ်ခုကို စထိုးနေ၏။ ကားသံကြားသောကြောင့် အိမ်ဝသို့ ပြေးထွက်ကာ ကို့ကို ကြိုသည်။ ကားတံခါးကို အဖွင့်လိုက်တွင် ကို့ဘေးဝယ် ငုတ်တုတ်ကြီးထိုင်နေသော သူ့ကို မမျှော်လင့်ဘဲ တွေ့ရ၏။

"ယု အံ့သြသွားအောင်လို့ သူ့ကို အပါခေါ်လာတာ"

ကိုသည် ပြုံးရွှင်စွာပြောကာ အရင် ကားထဲမှ ထွက်လာ၏။ သူသည်လည်း နောက်မှဆင်းလာကာ ကျွန်မကို ပြုံး၍နှုတ်ဆက်၏။ သူပြုံးလိုက်ပုံမှာ နူးညံ့လွန်းရုံမက အဝတ်အစားကလည်း ပင်နီဖျင်ကြမ်းအပေါ်အင်္ကျီနှင့် ယောလုံချည်ကို ဝတ်ထား၍ သူ့အသားနှင့် လိုက်လှ

mgyoe.com

mgyoe.com


လေသည်။

"ဒေါ်ဒေါ်သိန်းရော နေကောင်းရဲ့လား ယု"

"ကောင်းပါတယ် ကိုကိုအောင်"

ကျွန်မသည် တံတွေးမျိုကာ အသံကို မနည်းထိန်း၍ ပြောရ၏။ ဧည့်ခန်းတွင် နေရာပေးရင်း...

"အတော်ပဲ၊ ဒီမှာ ထမင်းစားသွားပါ" ဟု သူ့ကို ကျွန်မ ထမင်းစား ဖိတ်လိုက်၏။

"ဟုတ်တယ် ကိုအောင်နိုင်... ကျွန်တော်လည်း ပြောမလို့၊ ဒါပေမင့် ယု၊ ထမင်းမြန်မြန်သွားပြင်ချေ၊ အခု သူစားပြီး ရထားဆင်းရမှာ"

"ဟုတ်တယ် ယု၊ တွေ့ရတာ ခဏလေးပဲ။ ကိုကိုအောင် ဒီညနေ ရထားနဲ့ မန္တလေးလိုက်မလို့။ အလုပ်ကိစ္စလည်း ရှိတယ်။ ကိုကိုအောင့် မိန်းမက မန္တလေးမှာ ကျန်ရစ်တယ်။ သူ နေမကောင်းတာလည်း သွားကြည့်ရဦးမယ်"

သူသည် ခရီးထွက်ရမည့်အကြောင်းကို ရှင်းလင်းပြောပြ၏။

ထမင်းစားပွဲတွင် မေမေနှင့်သူ တွေ့ကြ၏။ စကားကို အနည်းအကျဉ်းသာ သူပြော၏။ သူပြောစဉ်တွင် အသံမှာ ညင်သာလှသည်။ ထမင်းစားပြီး မေမေက ဧည့်ခန်းဆီသို့ ထွက်သွားသော်လည်း သူသည် ကျွန်မ စိတ်ပေးသော ပန်းသီးစိတ်များကို စားနေ၏။ ကိုက ထမင်းစား၍ မပြီးသေးပေ။ ကျွန်မရင်ထဲတွင် တနုံ့နုံ့ ဖြစ်နေသည်။ သူ့ကို တွေ့ချင်နေသော်လည်း ပြန်တွေ့ရခြင်းဒဏ်ကို ကျွန်မရင်ထဲတွင် မခံနိုင်သလို ဖြစ်နေ၏။

"ယု နေကောင်းတယ်နော်"

သူက ကျွန်မကို စိုက်ကြည့်၍မေး၏။

"ဟုတ်ကဲ့"

ကျွန်မသည် ပြတ်ပြတ်ဖြေ၏။

"ယု... ကိုကိုအောင့်ကို ကူညီဦးမလား၊ ခု ကိုကိုအောင် လုပ်တာကတော့ 'ဗုဒ္ဓအဘိဓမ္မာသည်သာလျှင် ကွန်မြူနစ်ဝါဒကို အပြီးအပိုင်

mgyoe.com